ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)

၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 2 July 2025 ၁၁၈၆၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှု“ယဉ်ကျေးဝေဆာမေမြန်မာ၊ မျိုးဂုဏ်မပျက်ဝတ်ဆင်လျက်” ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲသို့ တက်ရောက်အားပေး**

စာမျက်နှာ » ၃

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၁

| | |
|---|---|
| ကျောက်ဖြူ | ၃ ဒသမ ၀၇ လက်မ |
| တောင်ငူ | ၂ ဒသမ ၉၂ လက်မ |
| ဖြူး | ၁ ဒသမ ၆၅ လက်မ |
| ဇလွန် | ၁ ဒသမ ၅၄ လက်မ |
| အုတ်ဖို | ၁ ဒသမ ၅၀ လက်မ |

မိုး/ဇလ

ယနေ့ ဖတ်စရာ

နေပြည်တော်၌ နိုင်ငံတကာ မူပိုင်ခွင့်ညီလာခံ - ၂၀၂၅ ကျင်းပမည်
စာမျက်နှာ » ၂

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပ
စာမျက်နှာ » ၄

ပန်းကလေးများ မနွမ်းစေဖို့
ဆောင်းပါး စာမျက်နှာ » ၆

သူတို့အားလုံး အတူတူပဲ
ဆောင်းပါး စာမျက်နှာ » ၁၀



# ရွှေတောင်မြို့နယ်၌ မိုးစပါးဧက ၅၈၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

**ရွှေတောင် ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ လယ်ယာစိုက်ပျိုးရေးကို အဓိကဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စပါးမျိုးကောင်း၊ မျိုးသန့်တိုးပွားစေရန်နှင့် ဆန်စပါးဖူလုံစေရန် ရည်ရွယ်၍ ယခုနှစ်တွင် မိုးစပါး ၅၈၁၆၃ ဧက စိုက်ပျိုးသွားရန်လျာထားကြောင်း သိရသည်။

**စိုက်ပျိုးပြီးစီး**

ရွှေတောင်မြို့နယ်တွင် ယခုနှစ် မိုးစပါးသီးနှံစိုက်ပျိုးရာတွင် မှော်ဘီ(၂)၊ ရတနာတိုး၊ ဗီယက်နမ်၊ ရက်(၉၀) စသည့် စပါးမျိုးများကို ပျိုးထောင်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်/လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးလျက်ရှိပြီး ၃၉၁၆၃ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂

ကြေးမုံ

# အေးချမ်းစွာပညာသင်ကြားခွင့်ရရှိရေး အဖျက်အမှောင့်လုပ်ရပ်များတိုက်ဖျက်

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်း ဇွန်လ ၁၈ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် အငြိမ်းစားကျောင်းဆရာမကြီးတစ်ဦး သေဆုံးပြီး တိုက်ပွဲများဖြစ်ပွားသဖြင့် စာသင်ကျောင်း ၂၀ ကျော် ပိတ်ထားရသည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် လုပ်ကြံစွပ်စွဲ ဝါဒဖြန့်လျက်ရှိသည်ကို တုံ့ပြန်ပြောကြားအသိပေးသည့် သတင်းတစ်ပုဒ်ကို တွေ့ရှိခဲ့သည်။

ဖြစ်စဉ်အမှန်မှာ မင်းလှမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်လိုက်သည့်လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူများသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့မှုမရှိကြောင်း သိရသည်။ လက်ရှိတွင် မင်းလှမြို့နယ်အတွင်း၌ အခြေခံပညာအထက်တန်းကျောင်း ၁၂ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၃၆ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၀၇ ကျောင်း စုစုပေါင်း ၁၅၅ ကျောင်းရှိသည့်အနက် အခြေခံပညာမူလတန်းလွန်ကျောင်း (ဆားချောင်းလေး)နှင့် အခြေခံပညာမူလတန်းကျောင်းခွဲ(ကျွန်းကုန်း)တို့သာ လုံခြုံရေးအခြေအနေနှင့် အခြားအကြောင်းတို့ကြောင့် ပိတ်ထားခြင်းဖြစ်ပြီး ကျန်စာသင်ကျောင်း ၁၅၃ ကျောင်းတို့ ပုံမှန်အတိုင်းဖွင့်လှစ်၍ ပညာသင်ကြားပေးလျက်ရှိသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် သတင်းတု၊ သတင်းမှားများ၊ မဟုတ်မမှန်လုပ်ကြံသတင်းများရေးသားပြီး အကြမ်းဖက်အဖျက်သမားများက ပညာရေးကဏ္ဍအား ပုံစံအမျိုးမျိုးဖြင့် နှောင့်ယှက်ဖျက်ဆီးနေကြသည်ကို ဖုံးကွယ်ပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များအပေါ် အထင်အမြင်လွဲမှားစေရန် ဝါဒဖြန့်လှုံ့ဆော်မှုများ တစိုက်မတ်မတ် လုပ်ကိုင်လျက်ရှိသည်။ အကြမ်းဖက်အဖျက်သမားနှင့် သောင်းကျန်းသူများသည် ပညာရေးကဏ္ဍကို အစောပိုင်းကတည်းက နှောင့်ယှက်ဖျက်ဆီးမှုများ ပြုလုပ်လျက်ရှိပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီစတင်ချိန်တွင် မျှော်လင့်မထားသော အကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်လာကြသည်ကို ဝမ်းနည်းဖွယ်ကြားသိနေရသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကုန်းဘုရား(ညောင်ပင်ကန်)ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ၎င်း၏ခင်ပွန်းဖြစ်သူတို့ လုပ်ကြံသတ်ဖြတ်ခံရခြင်း၊ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ပွင့်တောက်ကျေးရွာ စက်လှေဆိပ်၌ အထက်တန်းပြဆရာမနှင့် ပညာရေးကောလိပ်တက်ရောက်မည့် ကျောင်းသူများအား အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ခြင်း၊ နတ်မောက်မြို့နယ် ကူနီကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း(မူလွန်)မှ ကျောင်းအုပ်ဆရာမကြီးတစ်ဦး ဖမ်းဆီးသတ်ဖြတ်ခံရခြင်း၊ ဝက်ချုပ်ကျေးရွာတွင် အလယ်တန်းပြဆရာမတစ်ဦးနှင့် ၎င်း၏ခင်ပွန်းတို့ သတ်ဖြတ်ခံရခြင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ဒေသတွင် PDF အမည်ခံ အကြမ်းဖက်သမားများက ကျောင်းဖွင့်ရာသီခြိမ်းခြောက်ခြင်းနှင့် တိုက်ပွဲဖော်ဆောင်မှုကြောင့် အချို့ဒေသများရှိကျောင်းများမဖွင့်လှစ်နိုင်သေးခြင်းစသည့် အကြမ်းဖက်သမားတို့၏ လုပ်ရပ်များကိုသာ မကြာခဏ ကြားသိနေရသည်။

အဆိုပါအကြမ်းဖက်လုပ်ရပ်များသည် အသက်ရှင်သန်ခွင့်၊ လူပုဂ္ဂိုလ်လုံခြုံခွင့်၊ လွတ်လပ်စွာပညာသင်ကြားခွင့်နှင့် တည်ငြိမ်အေးချမ်းမှုရရှိခံစားခွင့်စသည့် လူ့အခွင့်အရေးချိုးဖောက်မှု၊ အကြမ်းဖက်ရက်စက်မှုများသာဖြစ်သည်။ ၂၀၁၄ ခုနှစ်အမျိုးသားပညာရေးဥပဒေအရ "နိုင်ငံသားများ၏မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကို နိုင်ငံသားတိုင်း ခံစားရရှိရေး"ကို အလေးအနက် အသိအမှတ်ပြုကာ ပညာရေးနယ်ပယ်အတွင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ လူငယ်များအပါအဝင် ပါဝင်ဆောင်ရွက်လျက်ရှိသူအားလုံး ထိခိုက်နစ်နာမှုမရှိစေရေး ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ပေးရမည်ဖြစ်သည်။

စာသင်ကျောင်းများအပြင်၊ လမ်း၊ တံတား၊ တာဝါတိုင်များ၊ လူနေအဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်းများ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များသည် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများကို ထိခိုက်နစ်နာဆုံးရှုံးစေသည်။ ထိုသို့သော အကြမ်းဖက်လုပ်ရပ်များသည် နိုင်ငံနှင့် ပြည်သူအတွက် ကြီးမားသောဆုံးရှုံးမှုကိုဖြစ်စေပြီး တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဆိုးရွားစွာထိခိုက်စေသည့် အန္တရာယ်ဖြစ်ပါသည်။ မည်သည့်အကြမ်းဖက်မှုမဆို ရာဇဝတ်မှုမြောက်ပြီး ဥပဒေမဲ့လုပ်ရပ်ဖြစ်သည်ဟု ကုလသမဂ္ဂနှင့်နိုင်ငံတကာကပါ သတ်မှတ်ထားသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေနှင့်အညီ အကြမ်းဖက်လုပ်ရပ်များကို တိုက်ဖျက်နှိမ်နင်းလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတစ်ဝန်း၌ ငြိမ်းချမ်းစွာ ပညာသင်ယူခွင့်ရရှိစေရန်နှင့် အကြမ်းဖက်လုပ်ရပ်များ လျော့နည်းပပျောက်စေရန် အကြမ်းဖက်သမားများ၏ လူမဆန်သောလုပ်ရပ်များကို သတင်းရရှိပါက တာဝန်သိပြည်သူများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့များထံသို့ လျှို့ဝှက်စွာ အချိန်မီသတင်းပေးပို့ခြင်းနှင့် သက်ဆိုင်သူများ၊ အဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တားဆီးကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးကိုကိုနိုင် | ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာ နီလာမြင့်ထူး | ပါမောက္ခချုပ်<br>မုံရွာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦး ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# နေပြည်တော်၌ နိုင်ငံတကာ မူပိုင်ခွင့်ညီလာခံ - ၂၀၂၅ ကျင်းပမည်

နေပြည်တော် ဇူလိုင် ၁

မြန်မာနိုင်ငံတွင် ဆန်းသစ်တီထွင်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုထိန်းသိမ်းမှုတို့ကို အားပေးလှုံ့ဆော်သော မူပိုင်ခွင့်ဂေဟစနစ်ကို အားကောင်းစေရန် ဦးတည်ချက်ဖြင့် နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ-၂၀၂၅ ကို ဇူလိုင် ၃ ရက်မှ ၄ ရက်အထိ Jasmine Naypyitaw Hotel ၌ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတကာမူပိုင်ခွင့်ညီလာခံတွင် ပြည်တွင်း ပြည်ပမှ Keynote Speakers များနှင့် စာတမ်းရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်နှင့်ပါမောက္ခများ၊ ကျောင်းသားကျောင်းသူများ၊ သုတေသနပညာရှင်များ၊ ဥပဒေအကျိုးဆောင်များနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၃၀၀ ခန့်ဖိတ်ကြား၍ စာတမ်းစုစုပေါင်း ၅၀ ခန့် ဖတ်ကြားသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# ၁ - ၇ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၈၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁- ၇ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၇၀၀ | ၆,၇၀၀ | ၀ | ၀ |
| MTSH | ၃,၁၅၀ | ၃,၂၀၀ | ၈၂၉ | ၂,၆၁၇,၈၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၆၀ | ၄၄၄,၀၀၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၁၀ | ၁၉,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၆၇၇ | ၁,၈၆၁,၇၅၀ |
| EFR | ၁,၆၀၀ | ၁,၅၅၀ | ၇၂၄ | ၁,၁၂၉,၃၀၀ |
| AMATA | ၃,၈၅၀ | ၃,၇၀၀ | ၈၀၆ | ၃,၀၅၂,၈၀၀ |
| MAEX | ၃,၁၅၀ | ၃,၁၀၀ | ၅၅၈ | ၁,၇၅၇,၄၅၀ |
| MADPL(PLB) | ၃,၂၅၀ | ၃,၂၅၀ | ၁ | ၃,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြိုလှုပ်ရှားမှု "ယဉ်ကျေးဝေဆာမေမြန်မာ၊ မျိုးဂုဏ်မပျက်ဝတ်ဆင်လျက်" ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲသို့ တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၁

"ယဉ်ကျေးဝေဆာမေမြန်မာ၊ မျိုးဂုဏ်မပျက်ဝတ်ဆင်လျက်" ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်အားပေးသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ကြီးမှူးပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အဆိုပါ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲကို စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

**တက်ရောက်**



မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု "ယဉ်ကျေးဝေဆာမေမြန်မာ၊ မျိုးဂုဏ်မပျက်ဝတ်ဆင်လျက်" ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲ ကျင်းပစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးတို့က ဂုဏ်ပြုပန်းစည်းချီးမြှင့်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးတို့က ဂုဏ်ပြုပန်းစည်းချီးမြှင့်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးနှင့် အနုပညာရှင်များက လက်ခံရယူစဉ်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ဇနီး၊ တွဲဖက်အတွင်းရေးမှူး၏ ဇနီး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဇနီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၏ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ အမျိုးသမီးအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်၊ အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ၏ဇနီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အမျိုးသမီးကော်မတီဥက္ကဋ္ဌနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံကျော် အနုပညာရှင်များ၊ အဆိုတော်များ၊ ဒီဇိုင်နာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖျော်ဖြေတင်ဆက်**

အခမ်းအနားတွင် "မြန်မာအမျိုးသမီးများနေ့" တေးသီချင်း၊ "ဗမာမလေးပါရှင်"၊ "အင်အားသစ်များနှင့်အတူ" တေးသီချင်းများနှင့် သုံးရာသီချစ်သူ တေးသီချင်းများ၊ "နွေဂိမာန်အလှ မေမြတ်ဝါဆိုက"၊ "ယုံးယုံးလက်ရာဝသန်ခါ"နှင့် "ဟေမာန်ဆောင်းအသွင် ပိုးမင်းကြီးအဆင်" ခေါင်းစဉ်တို့ဖြင့် နာမည်ကျော်ဝတ်စုံဒီဇိုင်နာများ ဖန်တီးဆန်းသစ်ထားသော ဝတ်စုံများ ဝတ်စားဆင်ယင်ပြသမှု၊ တစ်ခန်းရပ်ပြဇာတ်များ တင်ဆက်မှု၊ "ကမ္ဘာတည်သရွေ့" တေးသီချင်းနှင့် နိုင်ငံကျော် အဆိုတော်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးတို့က ဂုဏ်ပြုပန်းစည်းများချီးမြှင့်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့ကလည်းကောင်း၊ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲကို စီစဉ်တင်ဆက်သော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒါရိုက်တာ ဒေါ်မြတ်မြတ်ဦးနှင့် ပါဝင်ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များကိုယ်စား အကယ်ဒမီများရှင် ရန်အောင်နှင့် စိုးမြတ်သူဇာတို့ကလည်းကောင်း လက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ တာဝန်ရှိသူများက အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် ဇူလိုင် ၁

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ထွန်းထွန်းဦး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် CPU အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများအား ယခုကဲ့သို့ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းကို ကျင်းပခြင်းအားဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်သက်ဆိုင်သော အသိအမြင်များ တိုးပွားလာမည့်အပြင် အစိုးရဌာန၊ အဖွဲ့အစည်းများရှိ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့်လည်း အဂတိလိုက်စားမှုမြောက်နိုင်သော ကိစ္စရပ်များ၊ နိုင်ငံတော် နစ်နာဆုံးရှုံးမှုကြောင့် အဂတိလိုက်စားမှုဖြစ်စေနိုင်သော ကိစ္စရပ်များ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို သိရှိနားလည်၍ အဂတိလိုက်စားမှု ဖြစ်ပေါ်စေနိုင်သည့်အကြောင်းအရာများကို ရှောင်ကြဉ်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေး အရေးယူခြင်းဆိုသည့် နည်းလမ်းသုံးသွယ်ဖြင့်စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မရှင်အနေဖြင့် ဥပဒေပါရည်ရွယ်ချက်ဖြစ်သည့် အများပြည်သူဆိုင်ရာကဏ္ဍတွင် ဝန်ဆောင်မှုပေးနေသည့် နိုင်ငံ့ဝန်ထမ်းများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည့် မေးမြန်းမှုများကို ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ထွန်းထွန်းဦး ခေါင်းဆောင်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Preven–tion Unit – CPU) များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် ညောင်ရွှေမြို့နယ်နှင့် ကလောမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၁

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း (ကြာတော)၊ အခြေခံပညာမူလတန်းကျောင်း (ပေါက်ပါး)နှင့် အခြေခံပညာ မူလတန်းကျောင်း (ဇရပ်ကြီး)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ကျောင်းမြေနေရာပေါ်တွင် မူတည်၍ အဆောက်အအုံများ ထပ်မံဆောက်လုပ်မည့်နေရာများကို စနစ်တကျ ရွေးချယ်သတ်မှတ်ရေး၊ ပြင်ဆင်ထားရှိပြီးဖြစ်သော ကျောင်းဆောင်များနှင့် သန့်စင်ခန်းများ စနစ်တကျ အသုံးပြုကြစေရေး၊ သင်ကြားသင်ယူမှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကလောမြို့ရှိ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ အောင်ပန်းမြို့ အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်းနှင့် ဟဲဟိုး အခြေခံပညာ အလယ်တန်းကျောင်းတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကမ္ဘောဇပညာ့ရိပ်သာ ကိုယ်ပိုင်အထက်တန်းကျောင်းသို့သွားရောက်၍ တာဝန်ရှိသူများအား တွေ့ဆုံကာ ပုဂ္ဂလိကနှင့်ကိုယ်ပိုင်ကျောင်းများအားလုံး သတ်မှတ်ထားသည့် ရက်များတွင် ကျောင်းသား ကျောင်းသူများ တန်းစီပြီး နိုင်ငံတော်အလံအလေးပြုခြင်း၊ နိုင်ငံတော်သီချင်းနှင့် မြန်မာ့ကျောင်းသီချင်းများ သီဆိုခြင်းဖြင့် ကျောင်းသား ကျောင်းသူများ၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များ ရှင်သန်ထက်မြက်စေရေး၊ စည်းကမ်းကောင်းမွန်ရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ဟောပြော

တပ်ကုန်း ဇူလိုင် ၁

နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တပ်ကုန်းမြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများကို ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ်၌ ပြုလုပ်သည်။



ဦးစွာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ လှိုင်လှိုင်ဌေးနှင့်ကျန်းမာရေးဝန်ထမ်းများ၊ တပ်ကုန်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအုပ်စိုးလင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ဘုရင့်နောင်ရပ်ကွက် နယ်မြေ (၁၁၊ ၁၂၊ ၁၃ ပိန်းတော) ဘုန်းတော်ကြီးကျောင်းတိုက်၌ မိုးရာသီတွင် ဖြစ်ပွားတတ်သည့်ရောဂါများအကြောင်းနှင့် အဘိတ်ဆေးအသုံးပြုပုံတို့ကို ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ယင်းနောက် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ လှိုင်လှိုင်ဌေးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အုပ်စိုးလင်းတို့က ကြီးကြပ်ပြီး ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ရပ်ကွက်လူငယ်ပရဟိတအဖွဲ့ဝင်များက နယ်မြေ (၁၁၊ ၁၂၊ ၁၃ ပိန်းတော) ၌ အုတ်ရေကန်၊ ရေစည်ပိုင်းများအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ပိုးလောက်လမ်း နှိမ်နင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



# ပုသိမ်ကြီးမြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ပုသိမ်ကြီး ဇူလိုင် ၁

ပုသိမ်ကြီးမြို့နယ်အတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ညောင်ပင်သာ–ဆင်ရွာတောလမ်း အရှည် သုည ဒသမ ၆၃၅ ကီလိုမီတာရှိ ကတ္တရာလမ်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် အမရပူရခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းထွန်းဦးတို့က ကွင်းဆင်းစစ်ဆေးရာ ပုသိမ်ကြီးမြို့နယ်ဦးစီးအရာရှိ (မြို့ပြ)ဒေါ်မိုးခိုင်နှင့် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီးညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**❂ ရွှေဖုံးမှ**

ရွှေတောင်မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ မိုးစပါးပန်းတိုင် အထွက်နှုန်း ရရှိနိုင်ရေးအတွက် စိုက်ပျိုးနည်းစနစ်သင်တန်းများဖွင့်လှစ်ခြင်း၊ ကွင်းသရုပ်ပြသခြင်း၊ သွင်းအားစုများ ထောက်ပံ့ပေးခြင်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာရောစပ်ကြဲပက်ခြင်းများ၊ စပါးအထွက်နှုန်းတိုးတက်မြင့်မားစေရန် တောင်သူများအား နည်းပညာပေးခြင်း၊ လယ်ယာကဏ္ဍသီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်ရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ မိုးစပါးစိုက်ပျိုးထုတ်လုပ်ရာတွင် စီးပွားရေးအရ တွက်ခြေကိုက်သည့် အထွက်နှုန်း မြင့်မားပြီး အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့်စပါးမျိုးများအား တောင်သူများ ပိုမိုကျယ်ပြန့်စွာ စိုက်ပျိုးသွားနိုင်ရန် ရည်ရွယ်၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

■

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်းဘုတ်တင်ပွဲ၊ သွေးလှူဒါန်းပွဲ တက်ရောက်



**စစ်တွေ ဇူလိုင် ၁**

ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်းဘုတ်တင်ပွဲနှင့် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမ ပန်းခြံရှေ့နှင့် ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတို့၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။




ဦးစွာ ဆိုင်းဘုတ်တင်ပွဲကို ဦးဥတ္တမ ပန်းခြံရှေ့၌ကျင်းပရာ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ မြန်မာအမျိုးသမီးများနေ့အကြိုအထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားသို့တက်ရောက်၍ ကျန်းမာရေးဝန်ထမ်းများက စုပေါင်းသွေးလှူရှင်များ သွေးလှူဒါန်းနိုင်ရန်အတွက် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် သွေးလှူဒါန်းကြသူများအား အာဟာရဖြည့်စွက်စာများ ပေးအပ်ကြပြီး သွေးလှူဒါန်းရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြသည့် ကျန်းမာရေးဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်းသိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ "သိမ်မွေ့ရှုမဝ မြန်မာ့အလှ" လှယဉ်ကျေးမယ်နှင့် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှု ပြိုင်ပွဲကျင်းပ

**သန်လျင် ဇူလိုင် ၁**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "သိမ်မွေ့ရှုမဝ မြန်မာ့အလှ" လှယဉ်ကျေးမယ်နှင့် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ဘက်စုံသုံးခန်းမ၌ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။




**ဖျော်ဖြေ**

ဦးစွာ ပြိုင်ပွဲကို ပထမနှစ်နှင့် အထူးပြု ဘာသာရပ်ငါးခုမှ ကျောင်းသူများက "မြစိမ်းရောင်လွှမ်း အေးချမ်းစေမည် မြန်မာပြည်" အဖွင့်သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။ ဆက်လက်၍ ပြိုင်ပွဲဝင်ကျောင်းသူ ၂၈ ဦးက ခါးနံပါတ် ၁ မှ ၁၄ အထိ တစ်ဖွဲ့၊ ခါးနံပါတ် ၁၅ မှ ၂၈ အထိ တစ်ဖွဲ့၊ အဖွဲ့နှစ်ဖွဲ့ခွဲ၍ တစ်ဦးချင်း ယှဉ်ပြိုင်ကြသည်။ ယင်းနောက် အမှတ်ပေး အကဲဖြတ်ဒိုင်အဖွဲ့က ပြိုင်ပွဲဝင်ကျောင်းသူ ၂၈ ဦးအနက် ကျောင်းသူ ၁၀ ဦးကို ရွေးချယ်၍ တစ်ဦးချင်း ထပ်မံယှဉ်ပြိုင်စေပြီး ဆန်ခါတင် ငါးဦးအား မေးခွန်းများ မေးမြန်းကာ ပထမ ဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု နှစ်ဆုတို့ကို ရွေးချယ်ခဲ့ကြသည်။

ထို့နောက် "သိမ်မွေ့ရှုမဝ မြန်မာ့အလှ" လှယဉ်ကျေးမယ်နှင့် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှု ပြိုင်ပွဲတွင် ပထမဆုရရှိသူ တတိယနှစ်ကျောင်းသူ မိုင်စိုးစိုးထွေး (ခါးနံပါတ် ၂၅)အား သရဖူ၊ စလွယ်နှင့် ဆုငွေကျပ် ငါးသိန်းကို ပါမောက္ခချုပ်က လည်းကောင်း၊ ဒုတိယဆုရရှိသူ တတိယနှစ် ကျောင်းသူ မဖူးသဇင်သန့်(ခါးနံပါတ် ၄)အား သရဖူ၊ စလွယ်နှင့် ဆုငွေကျပ် သုံးသိန်းကို ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပါမောက္ခ(ဌာနမှူး) ဒေါက်တာ အေးအေးမော်က လည်းကောင်း၊ တတိယဆုရရှိသူ တတိယနှစ်ကျောင်းသူ မမေမြတ်နိုး(ခါးနံပါတ် ၂၆)အား သရဖူ၊ စလွယ်နှင့် ဆုငွေကျပ် နှစ်သိန်းကို ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပါမောက္ခ(ဌာနမှူး) ဒေါ်ခင်အေးမာကလည်းကောင်း၊ နှစ်သိမ့်ဆု (၁) ရရှိသူ တတိယနှစ်ကျောင်းသူ မလွန်းပိုးဖြူ(ခါးနံပါတ် ၂၃) အား သရဖူနှင့် ဆုငွေကျပ် တစ်သိန်းကို ပါမောက္ခ(ဌာနမှူး) ဒေါ်နှင်းမိုးဆမ်းကလည်းကောင်း၊ နှစ်သိမ့်ဆု (၂) ရရှိသူ ပထမနှစ်ကျောင်းသူ မဆုထက်ဝေ (ခါးနံပါတ် ၁) အား သရဖူနှင့် ဆုငွေကျပ် တစ်သိန်းကို ပါမောက္ခ (ဌာနမှူး) ဒေါ်စန္ဒာဝင်းက လည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့ပြင် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသူတစ်ဦးချင်းစီအား ပါမောက္ခချုပ်က ဂုဏ်ပြုငွေကျပ် ငါးသောင်းစီကို ချီးမြှင့်ပေးအပ်သည်။ ယင်းနောက် ပြိုင်ပွဲတွင် အစီအစဉ်အလိုက် တေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ကြသည့် ပထမနှစ် အထူးပြုဘာသာရပ်ငါးခုမှ ကျောင်းသူအဖွဲ့ ခုနစ်ဖွဲ့အား ပါမောက္ခချုပ်က ဂုဏ်ပြုပန်းစည်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းကလေးများမနွမ်းစေဖို့

**ဒေါက်တာဇင်ဇေယျာဝင်း**

**ပြီးခဲ့သည့် ရက်သတ္တပတ် အနည်းငယ်အတွင်း ကလေးသူငယ်များ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုများ (CSA – Child Sexual Abuse) ကို မီဒီယာများတွင် အကြိမ်ကြိမ် မြင်တွေ့ကြားသိနေရပါသည်။ သို့သော် ကျွန်ုပ်တို့ မြင်တွေ့နေရသည်မှာ ရေခဲတောင်ကြီး၏ ရေပေါ်တွင်ပေါ်နေသော အစိတ်အပိုင်းငယ်လေးမျှသာဖြစ်ပြီး ရေအောက်တွင်နစ်မြုပ်လျက်ရှိသော အစိတ်အပိုင်းများ၏ပမာဏကိုမူ မည်သူမျှ အပြည့်အဝမသိနိုင်ကြပါ။**


CSA သည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း၌ စိုးရိမ်ဖွယ်ရာတိုးပွားလျက်ရှိသော လူမှုပြဿနာတစ်ရပ်ဖြစ်ပါသည်။ ကုလသမဂ္ဂ၏ ၂၀၂၃ ခုနှစ် အစီရင်ခံစာအရ ကမ္ဘာ့ကလေးငယ်များ၏ ၂၀ ရာခိုင်နှုန်းခန့်သည် CSA ကို ကြုံတွေ့နေရသည်ဟု သိရှိရပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ကလေးသူငယ်အခွင့်အရေးဥပဒေဖြင့် CSA ကို တင်းကျပ်စွာ တားမြစ်ထားသော်လည်း အမှန်တကယ်အရေးယူနိုင်မှု နည်းပါးနေဆဲဖြစ်ပါသည်။ U-Report ၏ မြန်မာနိုင်ငံအတွင်း CSA ဆိုင်ရာ သုတေသနစစ်တမ်း၌ ပါဝင်ဖြေဆိုသူအားလုံး၏ ၅၁ ရာခိုင်နှုန်းက မိမိတို့နေထိုင်ရာပတ်ဝန်းကျင်တွင် CSA များရှိကြောင်း အတည်ပြုခဲ့ပါသည်။ ဤပြဿနာ၏ ပိုမိုနက်ရှိုင်းသောအချက်မှာ လူမှုရေးယဉ်ကျေးမှုအရ CSA ကို ဖုံးကွယ်လေ့ရှိခြင်းနှင့် အစီရင်ခံမှုနည်းပါးခြင်းတို့ကြောင့် စာရင်းဇယားများတွင် ဖော်ပြထားသည်ထက် အမှန်တကယ်ဖြစ်ပွားနှုန်း ပိုမိုမြင့်မားနေခြင်းဖြစ်ပါသည်။

**CSA ၏ အဓိပ္ပာယ်နှင့် အမျိုးအစားများ**

CSA ဆိုသည်မှာ လူကြီးတစ်ဦးဦး (သို့) အသက်ပိုကြီးသူတစ်ဦးဦးက ကလေးတစ်ဦးအား အာဏာ၊ ယုံကြည်မှု၊ စီးပွားရေးကိုအလွဲသုံးစားပြု၍ လိင်မှုကိစ္စအတွက် စော်ကားခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် သက်ငယ်မုဒိမ်းမှုအဖြစ် ဥပဒေအရ အရေးယူခံရနိုင်ပါသည်။ CSA ကို အဓိကအားဖြင့် ထိတွေ့ကိုင်တွယ်မှုပါသော အလွဲသုံးစားမှုများ (ဥပမာ – လိင်အင်္ဂါထိတွေ့ခြင်း၊ အဓမ္မပြုကျင့်ခြင်း) နှင့် ထိတွေ့မှုမပါသော အလွဲသုံးစားမှုများ (ဥပမာ– လိင်ပိုင်းဆိုင်ရာရုပ်ပုံပြသခြင်း၊ အွန်လိုင်းမှ နှောင့်ယှက်ခြင်း) ဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၁ ခုနှစ် အချက်အလက်များအရ အသက် ၅ – ၁၇ နှစ်အတွင်းရှိ ကလေးများသည် CSA ခံရနိုင်ခြေအမြင့်ဆုံးဖြစ်ပြီး ကျူးလွန်သူများ၏ ၉၁ ရာခိုင်နှုန်းမှာ ကလေး၏ မိသားစုဝင် ဆွေမျိုး သို့မဟုတ် ရင်းနှီးကျွမ်းဝင်သူများ ဖြစ်နေတတ်ပါသည်။ ဤအချက်က ကလေး၏ စိတ်ဒဏ်ရာကို ပိုမိုနက်ရှိုင်းစေပါသည်။ CSA တွင် လိင်မှုဆိုင်ရာစကားများ အတင်းပြောစေခြင်း၊ ကလေးအား လိင်လုပ်သားအဖြစ်အသုံးချခြင်း (Child Trafficking)၊ ကလေးများအား လိင်မှုကိစ္စအတွက် ဓာတ်ပုံ/ဗီဒီယိုရိုက်ကူးခြင်း၊ အွန်လိုင်းမှတစ်ဆင့် ခြိမ်းခြောက်ခြင်း (Cyber Grooming) ကဲ့သို့သော ရှုပ်ထွေးသည့်ပုံစံများလည်း ပါဝင်နိုင်ပါသည်။

အထူးသတိပြုရမည့်အချက်မှာ CSA သည်




မိန်းကလေးများတွင်သာမက ယောကျ်ားလေးများတွင်လည်း ဖြစ်ပွားနိုင်ပြီး ယောကျ်ားလေးများတွင် အစီရင်ခံမှုနှုန်း ပိုမိုနည်းပါးလေ့ရှိပါသည်။ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်မှစ၍ အွန်လိုင်းမှ CSA အမှုများ တိုးပွားလာသည်ကို တွေ့ရှိရပါသည်။ CSA ၏ အခြားသောအန္တရာယ်ရှိသည့် ပုံစံတစ်ခုမှာ "Child Marriage" (ကလေးအား အတင်းအကျပ်လက်ထပ်စေခြင်း) ဖြစ်ပြီး ကျေးလက်ဒေသများတွင် ပိုမိုအဖြစ်များလေ့ရှိပါသည်။

**CSA ၏ လက္ခဏာများနှင့် ရေရှည်ဆိုးကျိုးများ**

CSA ပြုလုပ်ခံရသော ကလေးငယ်များတွင် ရုပ်ပိုင်းဆိုင်ရာလက္ခဏာများအဖြစ် လိင်အင်္ဂါနာကျင်ခြင်း၊ ယားယံခြင်း၊ မလိုလားအပ်သော ကိုယ်ဝန်ရရှိခြင်းနှင့် HIV/AIDS အပါအဝင် လိင်မှတစ်ဆင့် ကူးစက်သောရောဂါများ ကူးစက်ခံရနိုင်ခြေမြင့်မားစွာ တွေ့ရှိရပါသည်။ စိတ်ပိုင်းဆိုင်ရာလက္ခဏာများတွင် ကလေးငယ်များ ကြောက်ရွံ့လွန်ခြင်း၊ အိပ်မက်ဆိုးများမက်ခြင်း၊ စိတ်ဓာတ်ကျခြင်းနှင့် မိမိကိုယ်ကိုသတ်သေရန် စဉ်းစားခြင်းများ ပါဝင်သည်။ ကလေး ၇၅ ရာခိုင်နှုန်းခန့်သည် CSA ဖြစ်စဉ်ကို အနည်းဆုံး ငါးနှစ်အထိ ဖုံးကွယ်ထားတတ်ပြီး ယင်းမှာ ကျူးလွန်သူ၏ ခြိမ်းခြောက်မှု၊ အပြစ်ရှိသည်ဟုခံစားရမှုနှင့် မိသားစုဂုဏ်သိက္ခာကို စိုးရိမ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

လူမှုရေးဆိုင်ရာ ဆိုးကျိုးများအဖြစ် ကျောင်းစွမ်းဆောင်ရည်ကျဆင်းခြင်း၊ လူမှုဆက်ဆံရေးတွင် ယုံကြည်မှုပျောက်ဆုံးခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ CSA ပြုလုပ်ခံရသော ကလေးများ၏ ၆၀ ရာခိုင်နှုန်းခန့်တွင် Post – Traumatic Stress Disorder (PTSD) စိတ်ဒဏ်ရာနောက်ဆက်တွဲရောဂါလက္ခဏာများဖြစ်ပေါ်တတ်ပြီး ၄၅ ရာခိုင်နှုန်းခန့်တွင် နှစ်ရှည်လများ စိုးရိမ်စိတ်လွန်ကဲခြင်း (Anxiety Disorder) ကို ခံစားရတတ်ပါသည်။ ရေရှည်တွင် CSA ပြုလုပ်ခံရသူများသည် အရွယ်ရောက်လာသည့်အခါ မူးယစ်ဆေးစွဲခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်းကဲ့သို့သော အန္တရာယ်ရှိသည့်အပြုအမူများကို ပိုမိုပြုလုပ်တတ်ပြီး အိမ်ထောင်ရေးနှင့် အလုပ်အကိုင်ဘဝတွင် အခက်အခဲများ ကြုံတွေ့ရနိုင်ကြောင်း သုတေသနတွေ့ရှိချက်များက ဖော်ပြထားပါသည်။

မိဘများအနေဖြင့် သတိထားရမည့်အချက်များမှာ ကလေး၏အပြုအမူများ ရုတ်တရက်ပြောင်းလဲခြင်း (ဥပမာ – ရေချိုးခန်းဝင်ရန် ငြင်းဆန်ခြင်း၊ အခြားသူများနှင့် ထိတွေ့ရန် ရှောင်ဖယ်ခြင်း)၊ အသက်အရွယ်နှင့် မလိုက်အောင် လိင်ပိုင်းဆိုင်ရာအကြောင်း အသိပညာများပြောလာခြင်းတို့ ဖြစ်ပါသည်။ CSA ၏ ဆိုးရွားသောအချက်တစ်ခုမှာ ကလေးငယ်များဖွံ့ဖြိုးမှုဆိုင်ရာ အာဟာရချို့တဲ့ခြင်း (Stunted Growth) နှင့် ဦးနှောက်ဖွံ့ဖြိုးမှု နှေးကွေးခြင်းတို့ကို ဖြစ်စေနိုင်သည့်အချက်ဖြစ်ပါသည်။

**CSA ကို ကာကွယ်ရန်နည်းလမ်းများ**

ကလေးများကို CSA မှ ကာကွယ်ရန် **"လုံခြုံသောထိတွေ့မှု"** နှင့် **"မလုံခြုံသောထိတွေ့မှု"** တို့ကို ခွဲခြားသိရှိအောင် ပညာပေးရပါမည်။ ကလေးများအား ကိုယ်ခန္ဓာအကြောင်း သင်ကြားပေးပြီး တစ်ပါးသူထိတွေ့ခွင့်မပေးရမည့် အစိတ်အပိုင်းများ (Private Parts) အကြောင်း ရှင်းလင်းစွာ ပြောပြရပါမည်။ **"မိမိခန္ဓာကိုယ်ကို မိမိပိုင်ဆိုင်သည်"** ဟူသော အသိစိတ်ကို ကလေးငယ်ဘဝကတည်းက မွေးမြူပေးခြင်းဖြင့် CSA ကို ကာကွယ်နိုင်ပါသည်။ ကလေးများအား တစ်စုံတစ်ယောက်က ဘယ်သူ့မှမပြောနဲ့ဟု ခြိမ်းခြောက်လာပါက မိဘ /ယုံကြည်ရသူကို ချက်ချင်းပြောရန် သင်ကြားပေးရပါမည်။ မိဘများအနေဖြင့် ကလေး၏ အပြုအမူပြောင်းလဲမှုကို နေ့စဉ်စောင့်ကြည့်ပါ။ ရုတ်တရက်စကားပြောနည်းလာခြင်း၊ အိပ်မက်ဆိုးမက်ခြင်း၊ ကျောင်းစွမ်းဆောင်ရည်ကျဆင်းခြင်းများကို သတိထားပါ။ ကျောင်းများတွင် CSA ကာကွယ်ရေးသင်ခန်းစာများ ထည့်သွင်းသင်ကြားပေးရပါမည်။

ကလေးများအား တစ်စုံတစ်ယောက်က CSA ပြုလုပ်လာပါက လုပ်ဆောင်ရမည့် **"NO–GO–TELL" (ငြင်းဆို–ထွက်ပြေး–ပြောပြ)** နည်းလမ်းကို လက်တွေ့သင်ကြားပေးခြင်းဖြင့် အန္တရာယ်ကို တုံ့ပြန်နိုင်စွမ်းမြှင့်တင်ပေးနိုင်ပါသည်။ အွန်လိုင်းလုံခြုံရေးအတွက် ကလေး၏ အင်တာနက်အသုံးပြုမှုကို စောင့်ကြည့်ပါ။ မသင့်လျော်သောဆက်သွယ်မှုများ၊ ဗီဒီယိုစာမျက်နှာများမှ ကာကွယ်ရန် Parental Control Software များ တပ်ဆင်ပေးပါ။ မိဘနှင့်သားသမီးအကြား ယုံကြည်စိတ်ချရသောဆက်ဆံရေးတည်ဆောက်ပါ။ CSA ကာကွယ်ရေးတွင် အရေးကြီးဆုံးအချက်မှာ ကလေးများ၏စကားကိုနားထောင်ပေးခြင်းနှင့် ယုံကြည်မှုပေးခြင်းဖြစ်ပါသည်။

**CSA ကြုံလာပါက တုံ့ပြန်ဆောင်ရွက်နည်းများ**

ကလေး၏စကားကို အပြစ်မတင်ဘဲ နားထောင်ပါ။ ကလေးကိုယုံကြည်ကြောင်း၊ ကလေးမှာ အပြစ်မရှိကြောင်း ရှင်းလင်းစွာပြောဆိုပါ။ သံသယဖြစ်ဖွယ်အခြေအနေများတွေ့ပါက ရဲတပ်ဖွဲ့ (အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာ) ဖုန်း 199 (မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရေးပေါ်ဖုန်း)၊ အနီးစပ်ဆုံးရဲစခန်းသို့ ဆက်သွယ်ပါ။ နီးစပ်ရာဆေးရုံ/ဆေးခန်းသို့ သွားရောက်ကာ ဒဏ်ရာများ၊ လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများနှင့် စိတ်ဒဏ်ရာများအတွက် ချက်ချင်းစစ်ဆေးကုသမှုခံယူပါ။ ဖြစ်စဉ်ကို လူမှုကွန်ရက်ပေါ်တွင် မဖော်ပြဘဲ သက်ဆိုင်ရာအာဏာပိုင်များသို့သာ အကြောင်းကြားပါ။ တရားဥပဒေဆိုင်ရာ အကူအညီရယူရန် ရဲစခန်းတွင် အမှုဖွင့်ပါ။

သက်သေအထောက်အထားများ (အဝတ်အစား၊ မက်ဆေ့ချ်များ) ကို မဖျက်ဘဲ သိမ်းဆည်းထားပါ။ ၂၀၁၉ ခုနှစ် ကလေးသူငယ်အခွင့်အရေးဥပဒေအရ CSA ကျူးလွန်သူများအား ထောင်ဒဏ်နှစ် ၂၀ မှ တစ်သက်တစ်ကျွန်းအထိ ချမှတ်နိုင်ပါသည်။

**စာမျက်နှာ ၇ သို့** ■

**ကလေးများကို CSA မှ ကာကွယ်ရန် "လုံခြုံသောထိတွေ့မှု" နှင့် "မလုံခြုံသောထိတွေ့မှု"တို့ကို ခွဲခြားသိရှိအောင် ပညာပေးရပါမည်။ ကလေးများအား ကိုယ်ခန္ဓာအကြောင်းသင်ကြားပေးပြီး တစ်ပါးသူ ထိတွေ့ခွင့်မပေးရမည့်အစိတ်အပိုင်းများ (Private Parts) အကြောင်း ရှင်းလင်းစွာပြောပြရပါမည်။ "မိမိခန္ဓာကိုယ်ကို မိမိပိုင်ဆိုင်သည်" ဟူသောအသိစိတ်ကို ကလေးငယ်ဘဝကတည်းက မွေးမြူပေးခြင်းဖြင့် CSA ကို ကာကွယ်နိုင်ပါသည်။ ကလေးများအား တစ်စုံတစ်ယောက်က ဘယ်သူ့မှမပြောနဲ့ဟု ခြိမ်းခြောက်လာပါက မိဘ / ယုံကြည်ရသူကို ချက်ချင်းပြောရန် သင်ကြားပေးရပါမည်။ မိဘများအနေဖြင့် ကလေး၏ အပြုအမူပြောင်းလဲမှုကို နေ့စဉ်စောင့်ကြည့်ပါ။ ရုတ်တရက်စကားပြောနည်းလာခြင်း၊ အိပ်မက်ဆိုးမက်ခြင်း၊ ကျောင်းစွမ်းဆောင်ရည်ကျဆင်းခြင်းများကို သတိထားပါ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး စိုက်ပျိုးရေးနှင့် ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇူလိုင် ၁

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် လေသာ-ဇီးကုန်းလမ်း လမ်းဘေးဝဲ/ယာနှင့် ဆင်သေချောင်းတစ်လျှောက် သီးနှံများ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဥပ္ပါတသန္တိ စေတီတော်ကြီး ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်များ ပြန်လည်ပြုပြင်မွမ်းမံနေမှုနှင့် ဖယ်ရှားရှင်းလင်းနေမှု၊ Cement grouting နှင့် Soil stabilization ဆောင်ရွက်နေမှုနှင့် မူလရင်ပြင်တော်ကြမ်းခင်းများ တူးထုတ်ပြင်ဆင်နေမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်း ဆိုင်ရာများကို ဆွေးနွေးမှာကြားကာ လုပ်ငန်းဆောင်ရွက်နေသော တပ်မတော်



သားများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇဌာနီလမ်းမကြီး လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်၊ စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများ သတ်မှတ်နိုင်ရေး အသိပေးဆွေးနွေးပွဲသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရောဂါနှိမ်နင်းရေး) ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်နှင့် ဆေးလိပ်ငွေ့ကင်းစင်ဒေသများ ထူထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်သူရဦး(ပြန်/ဆက်)

# ရွှေပြည်သာမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဗီနိုင်းချိတ်ဆွဲထားမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာ အသိပညာပေး



ကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပညာပေး ဗီနိုင်းချိတ်ဆွဲခြင်းကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

**ဆောင်ရွက်**

အဆိုပါကွင်းဆင်းဆောင်ရွက်ခြင်းကို မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးဌာနမှူး ဦးသက်ဝေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းလင်းကျော်တို့ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်တွင်း အခွန်များဦးစီးဌာနတို့ ပူးပေါင်းပြီး ရွှေပြည်သာမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသော ဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ"ဟူသော ကြေညာချက်ဗီနိုင်းကို ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သစ္စာစကား

☆ ဖြစ်ချင်တာကို
ချစ်ခင်စွာ ဆိုကြပါလျှင်..။
☆ အိပ်မက် အသီးသီး
ရှေ့ခရီးတွက်
နည်းလမ်း ဖွေရှာ
သင်, သူ, ငါတို့
မျက်နှာစုံညီ၊ ဆွေးနွေးသည်က
ပြည်သူ ကြည်သာ၊ ပြည်ရွာ အေးချမ်း
ဝမ်းပန်းတသာ ရှိမည်တကား။
☆ စကားဝိုင်းတွေ
တွေ့ဆုံပွဲတွေ
ဆွေးနွေးပွဲတွေ
ညှိနှိုင်းပွဲတွေ
နေရာအနှံ့၊ ပြန့်ထက်ပြန့်အောင်
ရှင်းသန့် အတွေး၊ နွေးထွေး စိတ်ရင်း
ချစ်ခြင်းတရား၊ လက်ကိုင် ထားကာ
သားချင်း သွေးချင်း၊ နောင်ညီရင်းတို့
ရိုင်းပင်းလုပ်ဆောင် စေချင်ပြီ။
ဘေးကင်းလုံခြုံ ချင်ပါပြီ။
ပြည်သူအားလုံး မျှော်နေသည်။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

(ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကြိုဆိုလျက်..)

■ စာမျက်နှာ ၆ မှ

လိုအပ်လျှင် ကလေးသူငယ် စိတ်ကျန်းမာရေး ပညာရှင်နှင့်ချိတ်ဆက်ကာ ကုသမှုခံယူပါ။ ကျူးလွန်သူနှင့် ထပ်မံမထိတွေ့စေရန် ယုံကြည်စိတ်ချရသော မိသားစုဝင်များနှင့်သာ နေထိုင်စေပါ။ အခြားကလေးများနှင့် အတူတူထားပါ။ တစ်ယောက်တည်း မနေစေရ။ CSA ခံရသော ကလေးများသည် နှစ်ပေါင်းများစွာ စိတ်ဒဏ်ရာကို ခံစားရနိုင်သဖြင့် မိသားစုအနေဖြင့် စိတ်ရှည်လက်ရှည်စောင့်ရှောက်ပေးရန် လိုအပ်ပါသည်။

**CSA သည် ကလေးများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုထိခိုက်စေသည့် ကြီးမားသောအန္တရာယ်တစ်ခုဖြစ်ပြီး ကျွန်ုပ်တို့ လူ့အဖွဲ့အစည်း၏အနာဂတ်ကို ခြိမ်းခြောက်နေသောပြဿနာ ဖြစ်ပါသည်။ ထို့အပြင် CSA ပြုလုပ်ခံရသောကလေးများ သေချာစွာ ပြုစုစောင့်ရှောက်မှုမခံရဘဲ ကြီးပြင်းလာပါက လူကြီးဘဝတွင် အလားတူ အကြမ်းဖက်မှုများပြုလုပ်နိုင်ခြေ သုံးဆပိုများကြောင်း သုတေသနတွေ့ရှိချက်များက ဖော်ပြထားရာ ဤပြဿနာသည် မျိုးဆက်တစ်ခုမှတစ်ခုသို့ ကူးစက်တတ်သော အရာတစ်ခုအဖြစ်ရှိနိုင်သည်ကို သတိပြုရန်လိုအပ်**

CSA သည် ကလေးများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုထိခိုက်စေသည့် ကြီးမားသောအန္တရာယ်တစ်ခုဖြစ်ပြီး ကျွန်ုပ်တို့ လူ့အဖွဲ့အစည်း၏ အနာဂတ်ကို ခြိမ်းခြောက်နေသောပြဿနာဖြစ်ပါသည်။ ထို့အပြင် CSA ပြုလုပ်ခံရသောကလေးများ သေချာစွာ ပြုစုစောင့်ရှောက်မှု မခံရဘဲ ကြီးပြင်းလာပါက လူကြီးဘဝတွင် အလားတူ အကြမ်းဖက်မှုများ ပြုလုပ်နိုင်ခြေ သုံးဆပိုများကြောင်း သုတေသနတွေ့ရှိချက်များက ဖော်ပြထားရာ ဤပြဿနာသည် မျိုးဆက်တစ်ခုမှတစ်ခုသို့ ကူးစက်တတ်သော အရာတစ်ခုအဖြစ် ရှိနိုင်သည်ကို သတိပြုရန်လိုအပ်ပါသည်။

သို့ဖြစ်၍ CSA ဖြစ်ပွားမှုမှကာကွယ်ရန် မိဘများ၊ ဆရာများနှင့် လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံး ပူးပေါင်းပါဝင်ရန် အရေးကြီးပါသည်။ CSA ကို ထိရောက်စွာ တားဆီးနိုင်ရန်အတွက် ကလေးများအား လုံခြုံစွာနေထိုင်နည်း ပညာပေးခြင်း၊ ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများပေးခြင်းတို့ကို အချိန်မီ ဆောင်ရွက်ရမည်။ ကလေးတိုင်းသည် မိမိတို့၏ ခန္ဓာကိုယ်နှင့် စိတ်ကို လုံခြုံစွာ ကာကွယ်နိုင်စွမ်းရှိရမည်ဖြစ်ပြီး ဤအခွင့်အရေးသည် ၎င်းတို့၏ အခြေခံလူ့အခွင့်အရေးတစ်ရပ်လည်းဖြစ်ပါသည်။ ထို့ကြောင့် **"ကလေးတိုင်းသည် လုံခြုံစိတ်ချရသောဘဝတစ်ခုကို ရပိုင်ခွင့်ရှိသည်"** ဟူသောအသိဖြင့် လူတိုင်းက CSA ကာကွယ်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း အလေးထား တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**References**


1. Ministry of Social Welfare, Relief and Resettlement (Myanmar) & UNICEF (2020). *"National Plan of Action on the Prevention and Response to Violence Against Children in Myanmar (2019–2023)."*

2. UNICEF Myanmar – Child Protection Programs.
https://www.unicef.org/myanmar/child-protection

3. Child Helpline International – Myanmar (2022). "Support Services for Child Abuse Victims in Myanmar."

# အမည်မည်းစာရင်း ကြေညာခြင်း

(ယမန်နေ့မှအဆက်)

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီများစာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသား စိစစ်ရေးကတ်မှတ် |
|---|---|---|---|---|
| ၅၅ | GREEN ELEPHANT HOUSE CO., LTD. | Daw Khyn Hla Hla Aung | Orchid Garden Lane 2, O 108, FMI Housing Estate Hlaing Thar Yar Township, Yangon | 12/KAMAYA(N)050263 |
| ၅၆ | GREEN MAST TRADING CO., LTD. | Daw Khin Su Su Htwe | No(1572), May Kha Road, (63) Quarter, Industry Zone (2), South Dagon Township, Yangon | 9/KAMANA(N)097283 |
| | | Daw Khin Than Myint | | 9/KAMANA(N)081025 |
| | | Daw Khin Than Saw | | 9/KAMANA(N)072845 |
| | | U Soe Aung | | 9/MAKANA(N)008779 |
| ၅၇ | HAY SHAN SMILE COMPANY LIMITED. | U Kyi Min | No.(115), 92 Street, Kan Shae Ward, Mingalar Taung Nyunt Township, Yangon | 12/KAMANA(N)099792 |
| | | Daw Win Win Maw | | 12/KAHKAKA(N)060953 |
| ၅၈ | HENG SHENG YE JIN COMPANY LIMITED. | Mr.Man Shenqiang | Building No(15), Room No. (9), Sabal Street, Thar Yar Gone Ward, Mingalar Taung Nyunt Township, Yangon | E13374261 |
| | | Mr. Wang Yi Bing | | G57634512 |
| | | U Sai Won Kyauk | | 13/KATANA(N)003667 |
| ၅၉ | HI TOP MIRAMAR COMPANY LIMITED. | | | |
| ၆၀ | HNIN HAY MARN COMPANY LIMITED | U Min Naing Oo | No. 30, Myawaddy Asia Road, Thin Gan Nyi Naung, Ywar Thit Village, Myawaddy,Kayin State | 7/PHAMANA(N)110059 |
| ၆၁ | HUA SU COMPANY LIMITED | U Tun Lin | Industry (2) Street, No. (95/96), Myanugtagar Indaustrial, Hmawbi Township, Yangon | 13/MANANA(N)037375 |
| ၆၂ | IMX MYANMAR COMPANY LIMITED. | Daw Phyo Phyo Khine | Bo Oaktama Street, No. 502, No.2 (KH) Ward, Mingaladon Township, Yangon | 1/MAKATA(N)118368 |
| | | U Thura Kyaw | | 5/BATALA(N)052824 |
| ၆၃ | INTERUNION MYANMAR CO., LTD. | Ms. GENEVIEVE LIM POH LEE | Alanpya Pagoda Road, 103, Laypyaywun Plaza Dagon, Yangon Zawtika Street,18 Myaynigone, Sanchaung Yangon | E5955550J |
| | | Daw Phyu Thin Ei | | 9/MAKANA(N)099997 |
| | | U Thura Tun | | 12/KAMAYA(N)031270 |
| ၆၄ | JAE TONG INTERNATIONAL LOGISTICS COMPANY LIMITED. | Daw Naw Eha Thi Phaw | Shwe Tharaphi (3) Street, No.(H/98), (5) Ward, Hlaing Thar Yar TSP, Yangon | 14/MAAHPA(N)297943 |
| | | U Lauk Tar @ Aung Khant | | 13/LAYANA(N)191929 |
| ၆၅ | JAI RUI GARMENT COMPANY LIMITED | U Kyee Fa @ U Aung Naing Win | Ngwe Sin Housing, No.96, Kaung Mu Tone Wuarter, Muse Township, Shan State | 12/KAMATA(N)065933 |
| | | U Kyee Swe @ Ye Aung | | 13/MAHSATA(N)041459 |
| ၆၆ | JU XIAN COMPANY LIMITED. | U Aik Chwan | No.63, (3) Street, Zayar Mon Ward, Kyeikehto Township, Mon State | 13/MAMATA(PYU)001070 |
| | | Daw Aye Shwe | | 13/NAMATA(N)058168 |
| ၆၇ | JULY KO KO TRADING CO.,LTD. | U Tun Lin Aung | Thukha Street, No. 214, 24 Ward, South Dagon Township, Yangon | 9/MAHTALA(N)004353 |
| | | U Zaw Myo Aung | | 12/DAGATA(N)062929 |
| ၆၈ | KANAUNG SCIENTIFIC (KSFE) COMPANY LIMITED. | Daw Moh Moh Ei Swe | Thumingalar Road, RM(201), 2nd Floor, Building 521(A+B), Shwe Naing Ngan Thit Mini Condo, South Oakkalar Township, Yangon | 12/HTATAPA(N)079473 |
| | | U Lin Win Thein | | 13/NYAYANA(N)087975 |
| | | U Thura Kyaw | | 12/MAYAKA(N)111971 |
| ၆၉ | KO HTET EXPORT IMPORT COMPANY LIMITED | U Thet Naung Tun | (54) Street, No(448), 4th Floor, Botahtaung Township, Yangon | 12/OUKATA(N)190447 |
| | | U Zaw Zaw Aung | | 12/OUKATA(N)153775 |
| ၇၀ | KYEL SIN KHA COMPANY LIMITED. | U Aung Moe | Aung Theikdi Street, No. (40/KA), TA/15 Ward, Shwe Pyi Thar Township, Yangon | 12/LAMANA(N)009853 |
| ၇၁ | KY–THA INDUSTRIAL DEVELOPMENT COMPANY LIMITED. | Daw Mar Lar | Bayintnaung Road, No.7, 14 Quarter, Hlaing Township, Yangon | 12/KAMAYA(N)006572 |
| | | U San Tun | | 12/SAKHANA(N)048999 |
| ၇၂ | LASHIO GREEN LEAF COMPANY LIMITED. | U Aung Than Zaw | Anawyahta Street, No–22, Block 2, 27 Ward, North Dagon TSP, Yangon | 12/TAKANA(N)200920 |
| | | U Hsan Maung | | 13/LAYANA(N)187754 |
| ၇၃ | LIFE M.M.K COMPANY LIMITED. | U Sa Min Aung | No. (112/2), 29th Street, Latepyarkan Yonegyi Ward, Bago | 14/MAMANA(N)231673 |
| | | U Myint Aung | | 12/KHAYANA(N)107882 |
| | | U Kyaw Win | | 12/MAGATA(N)079450 |
| ၇၄ | LINEAGE POWER (MYANMAR) LIMITED. | Mr. VIJU VARGHESE VARGHESE | Yadanar Road, No. 23/B, 14th Ward, Yankin Township, Yangon | Z5126506 |
| | | Mr. MURALIDHAR ARUMALLA | | Y6329904 |
| | | Ms. PADMA VENUGOPAL MADDISETTY | | N5145213 |
| | | Mr. VENUGOPAL RAO MADDISETTY | | Z4515860 |
| ၇၅ | LINFRA LIMITED. | Mr. GABRIEL BOU GEBRAEL | 35th Street, No. 162, No. 2 Quarter, Kyauktada Township, Yangon | RL3511732 |
| | | Mr. MOHAMAD KHALED EL HAFFAR EL HABBAL | | LR0349166 |
| | | Daw Tin Wint Wint Lwin | | 12/YAKANA(N)020271 |
| ၇၆ | LINN WAI YAN COMPANY LIMITED. | U Khin Maung Oo | Botahtaung Zay Road, No (195), 6th Floor, Pazuntaung Township, Yangon | 12/BAHANA(N)090127 |
| | | U Lin Htut Ko | | 12/PAZATA(N)040055 |
| | | Daw San San Htay | | 12/PAZATA(N)040037 |
| | | U Saw Lwin | | 12/PAZATA(N)040103 |
| ၇၇ | LONG HENG (MYANMAR) MANUFACTURING COMPANY LIMITED. | Mr. HONG ZHENMEI | Myay Taing Block No. 144, Plot No.5 , South Dagon Myo Thit Township, Yangon | EH4770173 |
| | | Mr. LIN SHANGZENG | | G52498321 |
| | | Mr. LIN ZHONGMAN | | E60974095 |

စာမျက်နှာ ၉ သို့ »»

»» စာမျက်နှာ ၈ မှ

| | | | | |
|---|---|---|---|---|
| ၇၈ | LUCKY PARTNERS COMPANY LIMITED. | U Myint Zaw | No. (A/1), Shwe Myawaddy Street, Beside of New Myawaddy Market, Myawaddy Township, Kayin State | MGK-086018 |
| ၇၉ | LUCKY WIN COMPANY LIMITED. | U Nay Win Shein | Nant Phone Maw Street, Nant Phone Maw Quarter, Honmalin Township, Sagaing | 5/SAKANA(N)271640 |
| | | U Kyaw Myo | | 5/HAMALA(N)067254 |
| | | Daw Yin Yin Win | | 5/HAMALA(N)064441 |
| ၈၀ | M M N SHIPPING & SERVICES COMPANY LIMITED. | Daw Hnin Mar Lar | 122 Street, No.21, Third Floor, Mingalar Taung Nyunt, Yangon | 12/MAGATA(N)066130 |
| | | U Maung Maung | | 12/KATATA(N)003209 |
| ၈၁ | M2M MARKETING (MYANMAR) CO.,LTD | Mr. PRINRAPHEE AKSORNKOSIN | No.9(P), Kyuan Tar (East) Village Group, Mudon Township, Mon State | AA7291547 |
| | | U Win Khine | | 10/MADANA(N)196482 |
| ၈၂ | MAJESTIC GLORY CO.,LTD. | | | |
| ၈၃ | MAL MA DI KO COMPANY LTD. | Daw Hay Mar Win | 87 Street, Ma(9), (6) Floor, Kan(West) Quarter, Mingalartaungnyunt Township, Yangon | 12/NYALAPA(N)230077 |
| | | U Kyaw Win @ Shaw Phe Raman | | 12/MAGATA(N)118078 |
| ၈၄ | MANDALAY DA ZHONG COMPANY LIMITED. | Mr. MA RONGFU | Nanage/4-74, 41x42 STR, 62x63 STR, Maharmyaing 2 QTR, Maharaungyay Township, Mandalay | E92386267 |
| ၈၅ | MANDALAY LONGYEAR SHOES COMPANY LIMITED. | Mr. Fu KunYuan | Factory Zone, Phase 1A, Block (A), Plot No. F-D1-4, Myotha Industrial Park, Ngazun Township, Mandalay | ED2724508 |
| | | Mr. OU QIANG | | E46527224 |
| | | Mr. ROGER BOPPART | | X3801140 |
| | | Mr. ZHANG ZAIJUN | | EE2038373 |
| ၈၆ | MAW BEAUTIFUL LAND CO.,LTD. | U Aung Aung Htwe | No. (1/C), Pyilhtung Su Street, Mineyu (105) Mile, Muse Township, Shan (North) | 9/MAYATA(N)001885 |
| | | U Min Zaw Thein | | 12/YAKANA(N)073640 |
| ၈၇ | MAY TRADING YANGON COMPANY LIMITED | U Aung Naing Soe | No. (209), First Floor, 39th Street, Middle Block, Kyauktada Township, Yangon | 12/DAGATA(N)122765 |
| | | U Hla Win | | 12/DAGATA(N)132028 |
| | | U Tin Win | | 12/DAGATA(N)132025 |
| ၈၈ | MEGA A 99 COMPANY LIMITED | U Aye Tun | No. 163, 3rd Floor, 101 Street, Phot Myay Quarter, Mingalar Taung Nyunt Township, Yangon | 12/THAGAKA(N)160231 |
| | | U Kaung Myat Tun | | 12/MAGATA(N)104391 |
| | | U Kaung Set Tun | | 12/MAGATA(N)104392 |
| ၈၉ | MOE HAN OO TRADING CO.,LTD. | Daw May Myint Khine | Dhamar Yong (1) Street, No.90-A (13) Quarter, Yankin Township, Yangon | 12/TAMANA(N)105609 |
| | | U Aung Myint @ Mohamed Mustafa | | 12/TAMANA(N)012373 |
| ၉၀ | MOE MYINT YAN COMPANY LIMITED. | Daw War War Tun | Thiri Myaing (3) Street, No.(6-A),Ground Floor, No.(13) Quarter, Hlaing Township,, Yangon | 8/YANAKHA(N)077576 |
| | | Naw Roser | | 13/THAPANA(N)039433 |
| | | U A Druck | | 2/DAMANA(N)008556 |
| | | U Moe Myint | | 12/LAMANA(N)136293 |
| ၉၁ | MOUNT VEBHARA TRADING COMPANY LIMITED. | Daw Thida Aye | Building 239, Room No.3, Sein Pan Myaing Street, 25-Ward, Thuwunna, Thingangyun T/S, Yangon | 12/Tha Ga Ka (N)083018 |
| | | Daw Yin Yin Win | | 12/Ta Ta Na (N)223184 |
| ၉၂ | MPTK COMPANY LIMITED. | MR. PHAKORN KOSONSITTIWIT | No.6(3B), 149 TH Street, Pyar Yay Goe Quarter, Tamwe Township, Yangon | AA 8766410 |
| | | MR. THANAKRIT KOSONSITTIWIT | | AA 7556400 |
| ၉၃ | MTS MYANMAR 2018 COMPANY LIMITED. | Daw Nan Mel Thwe Sein | West Hinthar Gone,, Block No, (42), (4) Quarter, Hpa An Township,, Kayin State | 3/BAAHNA(N)229233 |
| | | Nan Thuzar Win | | 3/MAWATA(N)088051 |
| | | Saw Khin Kyaw Oo | | 3/BAAHNA(N)219772 |
| ၉၄ | MUSE KO KANG CO., LTD. | Daw Khwar Nyo Aye | No.12, Swan Saw(4) Street, Swan Saw Quarter, Muse Township, Shan State | 13/LAYANA(N)005723 |
| | | Daw Hla Hla Aye | | 13/LAYANA(N)085165 |
| | | U Maung Win | | 13/LAYANA(N)124880 |
| | | U Nay Myo Naing | | 12/MAYAKA(N)162053 |
| | | U Soe Tint | | 13/LAYANA (N) 072430 |
| | | U Yann Khite Chan | | 13/KALATA (N)017253 |
| | | U Yann Laung;Sann | | 13/KALATA(N)017825 |
| | | Yan May Kyu @ Hnin Pwint Soe | | 13/LAYANA (N) 088431 |
| ၉၅ | MYA NAN SHWE YE KYAW COMPANY LIMITED. | Kyaw Win | No.(3032), MoeMakha Street, Yarza Thingaha Quarter, Ottara Thiri Township, Naypyitaw | 12/LAKANA(N)171843 |
| | | May Mie Kyaw | | 12/SAKHANA(N)069811 |
| | | Moh Moh Kyin | | 13/PATAYA(N)002884 |
| | | Yin Yin Kyaw | | 13/KALANA (N) 062611 |
| ၉၆ | MYANMAR ASIA EXPRESS TRADING CO., LTD. | Daw Ei Ei Shwe | Mya Wut Yi 5TH Street, No.12/A, Parami Yeikthar 9TH Quarter, Mayangone Township, Yangon | 12/MABANA(N)085504 |
| | | Daw Thi Thi Aye | | 10/BALANA(N)057589 |
| | | U Win Naing | | 12/MABANA(N)076949 |
| ၉၇ | MYANMAR BALAJI COMPANY LIMITED. | U Kay Zin Soe | No.182,4th Street, Ward No.93, Dagon (Seikkan) Township, Yangon | 14/Ah Ga Pa (N) 221114 |
| | | Daw Thin Thin Naing | | 7/Da Ou Na (N) 001412 |
| ၉၈ | MYANMAR BIMETAL COMPANY LIMITED. | Myo Min Oo | Thazin (1) Street, No. (751) (15) Ward, Dagon Myothit (East) Township, Yangon | 12/THAGAKA(N)190655 |
| ၉၉ | MYANMAR CULLET COMPANY LIMITED. | Aung Aye Htut | Golden City Business Center, C1,Zone C,1ST Floor Yankin Township, Yangon | 566013783 |
| | | Ei Shwe Sin | | 9/MAYAMA(N)013829 |
| | | Kyaw Kyaw Sein | | 13/LAYANA(N)000447 |
| | | Kyaw Min Oo | | 1/BAMANA (N)049363 |
| | | Ni Aung Khaing Myint | | 9/MAYATA(N)000178 |
| | | Tun Tun | | 9/MAYATA(N)108273 |
| | | Tun Win | | 9/MAYAMA(N)053811 |
| | | Zaw Win | | 13/TAKANA(N)003097 |
| ၁၀၀ | MYANMAR HAI LI AIR COMPANY LIMITED. | U Phyo Aung | Shwe Taung Tan Street, No.129 Lanmadaw Township, Yangon | 9/Makana(N)128856 |
| | | U Pyae Phyo Oo | | 14/AHGAPA(N)241234 |
| ၁၀၁ | MYANMAR HONG YE IMPORT AND EXPORT TRADING COMPANY LIMITED | CHU JIANPING | Myaungtagar Industry Zone, No.82 HMAWBI, Yangon | EG6615891 |
| | | Khin Mar Cho | | 12/AHSANA(N)115558 |

(ဆက်လက်ဖော်ပြပါမည်)

# သူတို့အားလုံး အတူတူပဲ

## နိုင်ငံတကာရေးရာ သုတေသီတစ်ဦး

အနောက်နိုင်ငံတွေမှာ အတုယူစရာကောင်းတဲ့ အချက်တစ်ချက်ရှိတယ်။ အရေးအကြောင်းဆို သူတို့အားလုံး ညီညွတ်ကြပါတယ်။ အမေရိကန်နဲ့ ဥရောပ အတူတူပဲ။ ဥရောပနဲ့ ကနေဒါ အတူတူပဲ။ ကနေဒါနဲ့ ဩစတြေးလျ၊ နယူးဇီလန် အတူတူပဲ။ ဆိုလိုတာ သူတို့အားလုံးဟာ မဟာမိတ်တွေဖြစ်ပါတယ်။ နေတိုးအဖွဲ့ဝင်တွေ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်တွေဖြစ်တယ်။ အချင်းချင်း မဟာမိတ်စာချုပ်တွေရှိတယ်။ သူတို့ မတည့်ဘူးဆိုလည်း ယာယီသာဖြစ်တယ်။ နိုင်ငံအချင်းချင်း အကျိုးစီးပွားတွေကတော့ ပြိုင်ဆိုင်မှုရှိမယ်။ သို့သော် အရေးအကြောင်းဆို သွေးနီးတယ်။

### တစုတဝေးတည်း ရပ်တည်

အဲဒီမဟာမိတ်တွေထဲကမှ အမေရိကန်၊ ယူနိုက်တက်ကင်းမ်ဒမ်း (UK)၊ ဩစတြေးလျ၊ နယူးဇီလန်ဆိုရင် သမိုင်း၊ နိုင်ငံရေးနဲ့ ယဉ်ကျေးမှုတွေ တူညီကြတယ်။ အင်္ဂလိပ်စကားပြောနိုင်ငံတွေဖြစ်ပြီး တစ်ချိန်က UK အုပ်ချုပ်ခဲ့တဲ့နိုင်ငံတွေလည်း ဖြစ်တယ်။ သူတို့တွေက အရင်းဆုံးပဲ။ အင်္ဂလိပ်လိုတော့ Anglosphere လို့သုံးတယ်။ ကမ္ဘာ့စစ်ပွဲကြီးတိုင်းမှာ Anglosphere တွေဟာ အတူတကွဝင်ရောက်တိုက်ခိုက်ကြတယ်။ အနောက်နိုင်ငံတွေဟာ နိုင်ငံတကာအရေးအခင်း တစ်ခုခုဖြစ်လာရင် အစပိုင်းမှာ သူတစ်ခွန်း၊ ငါတစ်ခွန်းနဲ့ စကားများကြပြီး သဘောမညီကြပေမယ့် တကယ့်အရေးအကြောင်း စစ်ပွဲဖြစ်ပြီဆိုရင် အားလုံး တစုတဝေးတည်း ရပ်တည်ကြတယ်။

အပြင်က လေ့လာသူတွေကတော့ သူတို့အချင်းချင်းကွဲနေပြီပေါ့။ သူတို့အချင်းချင်း ချကြတော့မယ်ပေါ့။ ကွဲချင်ကွဲမယ်။ ချသလို ဖြစ်ချင်ဖြစ်မယ်၊ သို့သော် သူတို့ကွဲတာ၊ သူတို့ချတာ၊ သူတို့စည်းအတွင်းကပဲ ဖြစ်တယ်။ စစ်ဖြစ်တာမဟုတ်ဘူး။ အသေအကျေ အပြတ်ရှင်းကြတာမဟုတ်ဘူး။ အပြန်အလှန်ငြင်းခုံတယ်။ သူနိုင်ကိုယ်နိုင်ပြောတယ် ဆိုတာ သူတို့ဓလေ့ပဲ။ အားမနာတာ သူတို့ဓလေ့ပဲ။ အခု ထရမ့်ခေတ်မှာ ပိုဆိုးတာပေါ့။ လူရှေ့သူရှေ့လည်း ဆတ်ခနဲ ပြောလိုက်တာပဲ။ ချိန်းပြီးဖျက်ချင်ဖျက်တာပဲ။ နည်းနည်းရိုင်းတယ်ဆိုပေမယ့် အဲဒီရိုင်းတာက ခေတ်စားလာနေတယ်။ သို့သော် သူတို့အချင်းချင်းက နားလည်မှုရှိတယ်။ အချိန်တန်ရင် ပြီးသွားတယ်။ အဲဒီလို အချင်းချင်း စကားများကြ၊ ရန်ဖြစ်ကြ၊ သဘောမတူကြရင်း တစ်ချိန်က အီရတ်လည်း ဒီလိုပဲဝင်တိုက်တာပဲ။ အမေရိကန်တိုက်တော့ အားလုံး တစ်တွဲကြီးပါတာပဲ။ လစ်ဗျားလည်း တိုက်တာပဲ။ ဆီးရီးယားလည်းတိုက်တာပဲ။ အာဖဂန်လည်း တိုက်တာပဲ။

အခုဖြစ်ပွားခဲ့တဲ့ အစ္စရေးနဲ့ အီရန် ပဋိပက္ခကို လေ့လာကြည့်တယ်။ အစ္စရေးနဲ့ အီရန် တင်းမာမှုက အခုမှ မဟုတ်ဘူး။ တောက်လျှောက်ရှိနေခဲ့တယ်။ ဟိုး ၁၉၇၉ ခုနှစ် အီရန်တော်လှန်ရေး (Iranian Revolution) ကာလလောက်ကတည်းက ခြေရာကောက်လို့ရတယ်။ အခု ၂၀၂၅ ခုနှစ် ဇွန်လထဲမှာ နှစ်နိုင်ငံ စစ်ဖြစ်တဲ့အထိ ပေါက်ကွဲထွက်လာတယ်။ အရင်ကလည်း သူတို့ အပြန်အလှန်တိုက်ခိုက်တာ ရှိပေမယ့် အခုလောက် မပြင်းထန်ဘူးပေါ့။

ဒီနေရာမှာ အနောက်နိုင်ငံတွေရဲ့ တုံ့ပြန်ပုံကို ဆွေးနွေးလိုတယ်။ အခု အစ္စရေး-အီရန် အရေးအခင်းမတိုင်မီ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှာ အစ္စရေးနိုင်ငံ အကြမ်းဖက်ခံရတဲ့နောက်ပိုင်း ဂါဇာမှာ အစ္စရေးနဲ့ ဟားမတ်စ်အပြန်အလှန်တိုက်ကြတယ်။ ဖြစ်စဉ်တွေတော့ အသေးစိတ်မရေးတော့ဘူး။ ၂၀၂၅ ခုနှစ် မတ်လကစလို့ အစ္စရေးက ဂါဇာကို လူသားချင်းကူညီမှုတွေ ပိတ်ဆို့တယ်။ သူတို့နဲ့ အဆင်ပြေတဲ့ INGO တစ်ခုကနေ လူသားချင်းစာနာမှုတွေထောက်ပံ့တယ်။ ဂါဇာကို ထိုးစစ်အသစ်ဆင်နွှဲပြီး ဟားမတ်စ်တွေကို တိုက်တယ်ပေါ့။

အမေရိကန်က အစ္စရေးဘက်က တောက်လျှောက်ထောက်ခံတယ်။ ဥရောပနဲ့ ကနေဒါက လူသားချင်းစာနာထောက်ထားမှုကို အကြောင်းပြပြီး အစ္စရေးကို ဝေဖန်တယ်။ သတင်းတွေဖတ်ရင် အမေရိကန်က အစ္စရေးဘက်၊ ဥရောပက ပါလက်စတိုင်းတွေဘက်က အဲဒီလို မြင်တွေ့ရတယ်။ ကုလသမဂ္ဂ (UN) နဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း အစ္စရေးရဲ့ ဂါဇာက လုပ်ရပ်တွေကို ရှုတ်ချတယ်။ ဆိုတော့ ကြည့်ရင် အစ္စရေးဘက်မှာ အမေရိကန်ပဲ ရှိတဲ့ပုံစံပေါက်တယ်။ ကျန်တဲ့ နိုင်ငံတကာအသိုင်းအဝိုင်းက ပါလက်စတိုင်းပြည်သူတွေဘက်က ရပ်တည်တဲ့သဘောမြင်ရတယ်။ အစ္စရေးကို ဥရောပ၊ UN နဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေက တောက်လျှောက်ဝေဖန်တယ်။ အထူးသဖြင့် UN အဖွဲ့အစည်းတွေက အစ္စရေးကို စစ်ရာဇဝတ်မှု ကျူးလွန်တယ်၊ လူမျိုးတုံးသတ်တယ် စသဖြင့် စွပ်စွဲကြတယ်။ လူအများစုအမြင်မှာကတော့ UN က ပါလက်စတိုင်းတွေဘက်က မားမားမတ်မတ် ရပ်တည်နေတယ်ပေါ့။

### အားလုံးက လေသံပြောင်းသွား

၂၀၂၅ ခုနှစ်မှာ အစ္စရေးနဲ့ အီရန် တင်းမာမှုတွေ ဖြစ်တဲ့အခါ အမေရိကန်က အစ္စရေးဘက်ကရှိပေမယ့် ဥရောပနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေက အီရန်ကိုမတိုက်ဖို့ အစ္စရေးကို သတိပေးတယ်။ သံတမန်နည်းနဲ့ ငြိမ်းချမ်းစွာဖြေရှင်းဖို့ တိုက်တွန်းတယ်။ အခု ဇွန်လထဲမှာ အစ္စရေးက အီရန်ကို တကယ်လည်းတိုက်ရော အားလုံးက လေသံပြောင်းသွားတယ်။ အီရန်ကို အပြစ်တင်ကြတယ်။ အစ္စရေးဘက် ရပ်တည်ကြတယ်။

အစ္စရေးက ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ပိုင်ခွင့်ရှိတယ်ဆိုတဲ့အောက်မှာ ဥရောပအင်အားကြီးတွေဖြစ်တဲ့ ယူနိုက်တက်ကင်းမ်ဒမ်းတို့၊ ပြင်သစ်တို့၊ ဂျာမနီတို့ဟာ အစ္စရေးနဲ့ သွေးစည်းညီညွတ်ကြောင်း ပြခဲ့ကြတယ်။ ဒါကြောင့်လည်း ပြင်သစ်သတင်းစာကြီးတစ်စောင်ဖြစ်တဲ့ Le Mode က ဥရောပခေါင်းဆောင်တွေက ဂါဇာကိစ္စမှာတော့ အစ္စရေးကို ဝေဖန်တယ်။ အခု အီရန်ကိစ္စမှာတော့ အစ္စရေးကို ထောက်ခံတယ်။ ကိုယ့်ကိုယ်ကိုယ် ခုခံပိုင်ခွင့်သာသုံးမယ်ဆိုရင် ဘယ်သူမဆို တိုက်လို့ရတယ်ဆိုပြီး ဥရောပရဲ့ နှစ်ဖက်ခွမပြတ်သားတဲ့ မူဝါဒတွေကို ခနဲ့တယ်။

> ❛အီရန်ကိုတိုက်တဲ့ကိစ္စမှာ အမေရိကန်ကော၊ ဥရောပကော တစ်သံတည်း ထွက်လာပြီဆိုတဲ့အခါကျတော့ UN အဖွဲ့အစည်းဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ကလည်း အရင်က စုံစမ်းမှုတွေ မပြတ်သေးသလို ဖြစ်နေရာကနေ ချက်ချင်းပဲ အီရန်ဟာ နျူကလီးယားနဲ့ ပတ်သက်ပြီး လိုက်နာရမယ့်တာဝန်တွေ ပျက်ကွက်တယ်ဆိုကာ အသံထွက်လာတယ်။ အီရန်က နျူကလီးယားလက်နက်ပိုင်ဆိုင်မယ့် အခြေအနေရှိတယ်ဆိုတဲ့စွပ်စွဲချက်ကို ထောက်ခံချက်ပေးလိုက်တယ်။ တီးဝိုင်းက အတိုင်အဖောက် ညီညီနဲ့ သံစုံထွက်လာတယ်။ အစကတော့ သူတော်ကောင်းတွေလိုလို၊ အားနည်းတဲ့သူဘက် ရပ်တည်သလိုနဲ့ တကယ်လည်းဖြစ်ကော သွေးက စကားပြောဘိသကဲ့သို့ ညီညာဖြိုဖြို အစ္စရေးဘက်က ရပ်ကြတာပါပဲ❜

### အတိုင်အဖောက်ညီညီနဲ့ သံစုံထွက်လာ

အီရန်ကိုတိုက်တဲ့ကိစ္စမှာ အမေရိကန်ကော၊ ဥရောပကော တစ်သံတည်းထွက်လာပြီဆိုတဲ့အခါကျတော့ UN အဖွဲ့အစည်းဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ကလည်း အရင်က စုံစမ်းမှုတွေမပြတ်သေးသလို ဖြစ်နေရာကနေ ချက်ချင်းပဲ အီရန်ဟာ နျူကလီးယားနဲ့ပတ်သက်ပြီး လိုက်နာရမယ့် တာဝန်တွေပျက်ကွက်တယ်ဆိုကာ အသံထွက်လာတယ်။ အီရန်က နျူကလီးယားလက်နက် ပိုင်ဆိုင်မယ့်အခြေအနေရှိတယ်ဆိုတဲ့ စွပ်စွဲချက်ကို ထောက်ခံချက်ပေးလိုက်တယ်။ တီးဝိုင်းက အတိုင်အဖောက်ညီညီနဲ့ သံစုံထွက်လာတယ်။ အစကတော့ သူတော်ကောင်းတွေလိုလို၊ အားနည်းတဲ့သူဘက် ရပ်တည်သလိုနဲ့ တကယ်လည်းဖြစ်ကော သွေးက စကားပြောဘိသကဲ့သို့ ညီညာဖြိုဖြို အစ္စရေးဘက်က ရပ်ကြတာပါပဲ။ အစ္စရေးမှားတယ်၊ အီရန် မှန်တယ် ရေးနေတာမဟုတ်ပါဘူး။ နိုင်ငံတကာဆက်ဆံရေးရဲ့ ကြောက်စရာကောင်းတဲ့ လှည့်ကွက်အပြောင်းအလဲတွေကို ထောက်ပြတာ ဖြစ်ပါတယ်။

ဒီနေရာမှာ အီရန်က ပါလက်စတိုင်းမဟုတ်ဘူးလေလို့ ပြောလို့ရပါတယ်။ အီရန်က ဂါဇာမဟုတ်ဘူးလေလို့ ပြောလို့ရပါတယ်။ ဒါပေမဲ့ UN နဲ့ နိုင်ငံတကာက အစ္စရေးကို လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်နေပါတယ်လို့ အကြိမ်ကြိမ်စွပ်စွဲနေတဲ့ အချိန်မှာ အစွပ်စွဲခံရသူက နောက်ထပ်စစ်ပွဲတစ်ပွဲသာ ဖန်တီးမယ်ဆိုရင် အကယ်လို့ အခြားနိုင်ငံတစ်နိုင်ငံသာဆို အခြေအနေက တစ်မျိုးဖြစ်ပါလိမ့်မယ်။ ကမ္ဘာ့ငြိမ်းချမ်းရေး အန္တရာယ်ပြုတယ်ဆိုပြီး NATO ကော၊ UN တပ်တွေကော ဝင်ကြပါလိမ့်မယ်။ အစပိုင်းမှာ အီရန်ဘက်ကပဲ ကာပေးသလိုလို၊ အစ္စရေးကိုပဲ တားဆီးသလိုလို၊ သံတမန်ရေးလမ်းကြောင်းပဲ အားပေးသလိုလို နာမည်ကောင်းတွေယူပါတယ်။ စစ်မဖြစ်ခဲ့ရင်တော့ ငြိမ်းချမ်းရေးလိုလားသူတွေပေါ့။ အီရန်ရဲ့ ကျေးဇူးရှင်တွေတောင် ဖြစ်ပါလိမ့်ဦးမယ်။

တားလို့မရဘဲ စစ်လည်းဖြစ်ကော ကြားနေလို့ရတာတောင် မနေကြပါဘူး။ တကယ်စစ်ဖြစ်ရင် အနောက်နိုင်ငံ မဟာမိတ်ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ကြားနေတယ်ဆိုတာမရှိပါဘူး။ ကြားနေတယ်ဆိုတာ အချောင်သမားဝါဒဖြစ်ပါတယ်။ ဆိုတော့ တကယ့်အရေးအကြောင်းဆိုတော့ အနောက်မဟာမိတ်အားလုံးက အစ္စရေးဘက် ရပ်တည်ကြပါတယ်။ စစ်ကို အားမပေးပေမယ့် အစ္စရေးရဲ့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ပိုင်ခွင့်ကို ထောက်ခံတယ်ပေါ့။ အချို့နိုင်ငံတကာအရေးအခင်းတွေက မျက်နှာဖုံးတွေကို ကွာကျစေပါတယ်။

အခုလို ပထမပိုင်းမှာ သူတော်ကောင်းယောင်ဆောင်ကြပေမယ့် သူတို့ နာမည်ပျက်စာရင်းသွင်းထားတဲ့ နိုင်ငံတစ်နိုင်ငံကို တကယ်တိုက်တဲ့အခါ တက်ညီလက်ညီ ကူညီပံ့ပိုးကြတာ အခု အစ္စရေး-အီရန် ပဋိပက္ခမှမဟုတ်ပါဘူး။ အရင်နိုင်ငံတကာအရေးအခင်းတွေမှာလည်း အလားတူပုံစံတွေ မသိမသာကော၊သိသိသာသာကော မြင်တွေ့ရပါတယ်။ အနောက်နိုင်ငံတွေမှာ သမိုင်းဆိုတာ သူတို့အမြင်နဲ့ အတိအကျ မှတ်တမ်းတင်တာဖြစ်ပါတယ်။ တစ်ယောက်က မှတ်တမ်းတင်တာလည်း နောက်တစ်ယောက်က ထပ်ဆင့်မှတ်တမ်းတင်ပါတယ်။ ဆက်လက် အသုံးပြုပါတယ်။

ဆိုလိုတာက လူတစ်ယောက်ကို၊ နိုင်ငံတစ်နိုင်ငံကို မကောင်းမှတ်တမ်းတင်ထားပြီဆိုရင် အစဉ်အဆက်ပါပဲ။ အစီရင်ခံစာတစ်ခုမှာ အဲဒီနိုင်ငံကို မကောင်းရေးထားတယ်ဆိုရင် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ အဲဒီအစီရင်ခံစာကိုပဲ အကိုးအကား ပြုကြပါတယ်။ တစ်ဖက်က ပြင်ဆင်တယ်၊ လိုက်လျောညီထွေဖြစ်အောင် နေတယ်ဆိုရင်တောင် သူတို့လူမဟုတ်မချင်း တစ်နည်းမဟုတ် ပြဿနာရှာ၊ အပြောင်းအလဲဖြစ်အောင် လုပ်တာပါပဲ။ အခုလည်း အီရန်ဟာ အစ္စရေးနဲ့ တစ်နိုင်ငံချင်း စစ်ဖြစ်တယ်ဆိုပေမယ့် အနောက်အုပ်စုရဲ့ ခဲထားခြင်းကို ခံလိုက်ရပါပြီ။

> ❛အခုက ၂၀၀၀ ပြည့်နှစ်၊ ၂၀၁၀ ပြည့်နှစ်တွေ မဟုတ်တော့ပါဘူးဆိုသည့်တိုင် အနောက်နိုင်ငံတွေရဲ့ စစ်ရေး၊ နိုင်ငံတကာဆက်ဆံရေးအတွေးအခေါ်က မပြောင်းလဲပါဘူး။ ပိတ်ဆို့မယ်။ ပိတ်ဆို့တဲ့ကြားက ဆက်ပြီးကြီးထွားလာရင် တားဆီးမယ်။ တားဆီးတဲ့ကြားက ကြီးထွားလာရင် အခွင့်သင့်ရင် ကိုယ်ထိလက်ရောက် တိုက်ခိုက်မှာပါပဲ။ သူတို့အချင်းချင်း နိုင်ငံရေးမှာ ဘယ်လောက်အထိ သဘောထားကွဲပြားနေပါစေ။ အရေးအကြောင်း စစ်ဆိုတဲ့အထိဖြစ်ပြီဆိုရင် တစည်းတလုံး ရပ်တည်ကြပါတယ်။ လစ်ဗျား၊ ဆီးရီးယား၊ အာဖဂန်နစ္စတန် သူတို့ စစ်ဝင်တိုက်ပြီး အစိုးရတွေ အပြောင်းအလဲဖြစ်ပေမယ့် အခုထိ အဲဒီနိုင်ငံတွေ တစ်နိုင်ငံမှ မငြိမ်းချမ်းသေးပါဘူး❜

စာမျက်နှာ ၁၁ သို့ ☆

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၅)ရက် ( စနေနေ့ )



International Day of Cooperatives

5th July 2025

International Co-operative Alliance

"Cooperatives Driving Inclusive and Sustainable Solutions for a Better World"

"သမဝါယမနည်းလမ်းဖြင့် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကိုတည်ဆောက်ကြပါစို့"

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ကမ္ဘာ့လူဦးရေနေ့

လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့

From Data to Development: Using Census For Socio-Economic Advancement

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်


# ကရင်ပြည်နယ်ဝန်ကြီးချုပ် အားကစားကွင်း၊ အားကစားရုံများတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး



ဘားအံ ဇူလိုင် ၁

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ လှာကမြင်အားကစားကွင်း၊ ဖွဲကပင်အားကစားရုံ အဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲများကို ဘားအံမြို့၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရေးအတွက် လှာကမြင်ကွက်သစ်ရှိ ဖွဲကပင်အားကစားကွင်းနှင့် အမှတ်(၅)ရပ်ကွက်ရှိ အောင်သံလွင်အားကစားကွင်းတို့၌ ပြိုင်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် အားကစားသမားများ တည်းခိုနေထိုင်နိုင်ရေး တည်းခိုဆောင်၊ စားရိပ်သာ၊ ခန်းမများ ပြည့်စုံစွာ ပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အားကစားကွင်း၊အားကစားရုံများ ယိုယွင်း ပျက်စီးနေမှုများကို ပြန်လည်ပြုပြင်၍ ရေရှည်တည်တံ့အောင်စနစ်တကျ ထိန်းသိမ်းရေး၊ အားကစားသမားများကို အာဟာရပြည့်ဝစွာ ကျွေးမွေးစည့်ခံနိုင်ရေး အနီးကပ် ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ပြည်ထောင်စုအထွေထွေ ပိုလျှံရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အမှတ်(၉)ရပ်ကွက်ရှိ အမှတ်(၁၃)အခြေခံပညာမူလတန်းကျောင်းတွင် တစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှု၊ အမှတ်(၄)ရပ်ကွက်ရှိ အမှတ်(၁၄)အခြေခံပညာမူလတန်းကျောင်းတွင် တစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# သာပေါင်းမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းပွဲ ပြုလုပ်

သာပေါင်း ဇူလိုင် ၁

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ပြုလုပ်သည်။



အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်သန္တာထူးက ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ၁၉၉၀ ပြည့်နှစ်တွင်ပြဋ္ဌာန်းပြီး စတင်၍ ကောက်ခံခဲ့ကြောင်း၊ ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပြီး ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကောက်ခံလျက်ရှိရာ အခွန်ထမ်းပြည်သူများအနေဖြင့် စားသောက်ဆိုင်တွင် စားသောက်ခြင်း၊ ဟိုတယ်/တည်းခိုခန်းတွင် တည်းခိုခြင်း၊ ရွှေထည်လက်ဝတ်ရတနာပစ္စည်းဝယ်ယူခြင်း၊ ရုပ်သံလွှင့်မီဒီယာဝန်ဆောင်မှုရယူခြင်း၊ လက်ကိုင်ဖုန်း ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း/ဝန်ဆောင်မှုရယူခြင်းများ ဆောင်ရွက်သည့်အခါ ပြေစာမရရှိခြင်း၊ ပြေစာရရှိသော်လည်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားမှုမရှိခြင်း၊ ကျသင့်အခွန်တန်ဖိုးထက် အခွန်အမှတ်တံဆိပ်လျှော့နည်းကပ်နှိပ်ထားခြင်းများတွေ့ရှိရပါက အထောက်အထားများနှင့်အတူ မည်သည့်အခွန်ရုံးတွင်မဆို သတင်းပေးတိုင်ကြားနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သိန်းမြင့်မျိုးဦး(ပြန်/ဆက်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက်၊ ဦးဥတ္တမလမ်း၊ အမှတ်(၄၉)တွင် ပါတီရုံးချုပ်တည်ရှိသော **ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၆-၂၀၂၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရအများသိစေရန်ကြေညာအပ်ပါသည်။

**ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)၏ အလံပုံစံ**



**ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

☆ စာမျက်နှာ ၁၀ မှ

သူ့ရှေ့မှာ အီရတ်ဆိုလည်း ဒီလိုပဲ နိုင်ငံတကာက လက်မခံပေမယ့် အမေရိကန်က အီရတ်ကို ချူကလီးယားလက်နက်ထုတ်ပါတယ် အကြောင်းပြပြီး စစ်ဝင်တိုက်တဲ့အခါ အနောက်နိုင်ငံ မဟာမိတ်တွေ တစ်တွဲကြီး ပါတာပါပဲ။

ဒီလိုပဲ လစ်ဗျား၊ ဆီးရီးယား၊ အာဖဂန်နစ္စတန်ပုံစံတွေ အတိအကျမတူပေမယ့် လူဆိုးစာရင်းသွင်းပြီး ဝင်တိုက်ကြတာပါပဲ။ အခုက ၂၀၀၀ ပြည့်နှစ်၊ ၂၀၁၀ ပြည့်နှစ်တွေ မဟုတ်တော့ပါဘူး ဆိုသည့်တိုင် အနောက်နိုင်ငံတွေရဲ့ စစ်ရေး၊ နိုင်ငံတကာဆက်ဆံရေး အတွေးအခေါ်က မပြောင်းလဲပါဘူး။ ပိတ်ဆို့မယ်။ ပိတ်ဆို့တဲ့ကြားက ဆက်ပြီးကြီးထွားလာရင် တားဆီးမယ်။ တားဆီးတဲ့ကြားက ကြီးထွားလာရင် အခွင့်သင့်ရင် ကိုယ်ထိလက်ရောက် တိုက်ခိုက်မှာပါပဲ။ သူတို့အချင်းချင်း နိုင်ငံရေးမှာ ဘယ်လောက်အထိ သဘောထားကွဲပြားနေပါစေ။ အရေးအကြောင်း စစ်ဆိုတဲ့အထိဖြစ်ပြီဆိုရင် တစည်းတလုံး ရပ်တည်ကြပါတယ်။ လစ်ဗျား၊ ဆီးရီးယား၊ အာဖဂန်နစ္စတန် သူတို့ စစ်ဝင်တိုက်ပြီး အစိုးရတွေ အပြောင်းအလဲဖြစ်ပေမယ့် အခုထိ အဲဒီနိုင်ငံတွေ တစ်နိုင်ငံမှ မငြိမ်းချမ်းသေးပါဘူး။

သာမန် ကမ္ဘာ့ပြည်သူတွေဆိုတာ မေ့မေ့ပျောက်ပျောက်ပါပဲ။ သူတို့က နိုင်ငံရေးနဲ့ ဝေးပါတယ်။ ဆူဆူညံညံဖြစ်ပြီဆိုမှ ထကြည့်ကြတာများပါတယ်။ နိုင်ငံတကာအရေးအခင်းတစ်ခုဆိုတာ အစအဆုံး နှစ်နဲ့ချီပြီးကြာတတ်ပါတယ်။ အချို့ဆိုဆယ်စုနှစ်နဲ့ချီပြီး ကြာပါတယ်။ မျက်ခြည်မပြတ်လေ့လာနေသူတွေသာ မြင်လိုက်တဲ့ကိစ္စတွေရှိပါတယ်။ သတင်းတွေမှာ ညှိနှိုင်းလိုက်၊ ဆွဲဆောင်လိုက်၊ ခြိမ်းခြောက်လိုက်နဲ့ ပြဇာတ်တစ်ပုဒ်ကြည့်နေရသလိုပါပဲ။ နိုင်ငံအများစုကလည်း ကိုယ့်ကိုမထိမချင်း ငြိမ်ငြိမ်သက်သက်ပဲ နေကြပါတယ်။ အုပ်စုဖွဲ့အနိုင်ကျင့်နေမှန်းသိတဲ့တိုင် တစ်ဖက်နိုင်ငံတွေကလည်း လူဆိုးစာရင်း အသွင်းခံထားရတော့ သနားစရာကောင်းမနေဘူးပေါ့။

ဒီလိုနဲ့ နိုင်ငံတကာဆက်ဆံရေးဆိုတဲ့ ဟန်ဆောင်ပြဇာတ်ကြီးထဲမှာ စီးမျောရင်း အရေးအခင်းတွေ တစ်ခုပြီးတစ်ခု ဖြစ်လာခဲ့တာ အခုကတော့ အီရန်အလှည့်ပေါ့။

အခုနောက်ဆုံး ကနေဒါနိုင်ငံမှာ လုပ်ခဲ့တဲ့ ကမ္ဘာ့ထိပ်သီး စက်မှု ခုနစ်နိုင်ငံ အစည်းအဝေးမှာလည်း အီရန်နဲ့ပတ်သက်လို့ထုတ်ပြန်ချက်က အစ္စရေးဘက်ကပဲ ပြတ်ပြတ်သားသားရပ်တည်ပြီး အီရန်ကို အပြစ်တင်ထားပါတယ်။ အစကတော့ ဥရောပ မဟာမိတ်တွေက ထရမ့်နဲ့လည်း အဆင်မပြေ၊ အစ္စရေးကိုလည်း ဂါဇာကိစ္စမှာ မကျေလည်၊ အမေရိကန်နဲ့ အီရန်ကြားပဲ ဝင်ပေးတော့မလို၊ အစ္စရေးနဲ့ အီရန်ကြားပဲ ဝင်ပေးတော့မလိုနဲ့ အမှန်တကယ် စစ်လည်းဖြစ်ကော အားလုံးက အမေရိကန်ဘက်၊ အစ္စရေးဘက်ပဲ ပါသွားကြတာပါပဲ။ နောက်ဆုံးတော့ သူတို့အားလုံး အတူတူပါပဲ။ ။

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သန့်ရှင်းရေးသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သန့်ရှင်းရေးသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်နှင့်နေအိမ်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က သန့်ရှင်းရေးသုံးပစ္စည်းများ ရေရှည်အသုံးပြုနိုင်ရေးအတွက် စနစ်တကျထိန်းသိမ်း ကိုင်တွယ်အသုံးပြုကြရန် လိုအပ်ကြောင်းနှင့် သုံးစွဲမည့်ဝန်ထမ်းများကိုလည်း စနစ်တကျပြသသင်ကြားပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက သန့်ရှင်းရေးသုံး SWEEPER စက်ပစ္စည်းများကို စမ်းသပ်မောင်းနှင သရုပ်ပြသနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သန်လျင်ခရိုင် ကိုကိုးကျွန်းမြို့နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို



ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကိုကိုးကျွန်း အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုအခြေအနေများနှင့် သိပ္ပံခန်း၊ စာကြည့်တိုက်နှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် သာသနမဏ္ဍိုင်ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နဝကမ္မအလှူငွေများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကိုကိုးကျွန်းမြို့နယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ မြို့နယ်နေပြည်သူများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက ကြက်ဥ၊ ကြက်သွန်နီ အစရှိသည့် မီးဖိုချောင်သုံးရိက္ခာများ၊ အသက်ကယ်အင်္ကျီ၊ မိုးကာ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ အားကစားပစ္စည်းများ၊ သုတ/ရသ စာအုပ်များနှင့် ချီးမြှင့်ငွေများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကိုကိုးကျွန်း နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတွင် ဆိုလာဖြင့် မြို့နယ်အတွင်း ဖြန့်ဝေနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မြို့နယ်အတွင်း သောက်သုံးရေဖြန့်ဝေပေးနေသည့် ရေသန့်စက်ကိုလည်းကောင်း၊ ကိုကိုးကျွန်း ရေလှောင်တာတမံ၏ ကြံ့ခိုင်မှုနှင့် ရေသိုလှောင်ထားရှိမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော လူနာများအား ချီးမြှင့်ငွေပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ချီးမြှင့်ငွေနှင့် ဆေးရုံအတွက်လိုအပ်သော ဆေးပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လူမှုဝန်ထမ်းဦးစီးဌာန ကိုကိုးကျွန်း မူလတန်းကြိုကျောင်းတွင် ကလေးငယ်များ သင်ကြားနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ကလေးငယ်များ စားသောက်ရေးအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

## သာကေတမြို့နယ်၌ After Lunch Tooth Brushing Activity အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁

ရန်ကုန် တိုင်းဒေသကြီး သာကေတမြို့နယ်တွင် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်သော After Lunch Tooth Brushing Activity အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမှတ် (၁) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ် (၂၁) အခြေခံပညာမူလတန်းကျောင်းတို့၌ ကျင်းပသည်။

ဦးစွာ သာကေတမြို့နယ် မြို့နယ်ပညာရေးမှူး ဒေါ်နန်းနုနုကြည်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဒေါ်စုစုလွင်တို့က



အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကွန်စတန်က သွားနှင့်ခံတွင်းကျန်းမာရေးအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောခြင်း၊ အမက(၁) သာကေတမြို့နယ် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးအောင်က ကျေးဇူးတင်စကား ပြောကြားပြီး သာကေတမြို့နယ် ပြည်သူ့ဆေးရုံမှ သွားနှင့်ခံတွင်းဆရာဝန်များက ကျောင်းသား ကျောင်းသူများအား သွားတိုက်နည်း လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ သာကေတမြို့နယ်ပညာရေးမှူး ဒေါ်နန်းနုနုကြည်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ သာကေတမြို့နယ် ပြည်သူ့ဆေးရုံမှ သွားနှင့်ခံတွင်းဆရာဝန်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သဲထက်ဇင်(ပြန်/ဆက်)**





## မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)က ဦးစီး၍ သန်လျင်မြို့နယ်၌ ကွင်းဆင်းဆေးကုသ

ရန်ကုန် ဇူလိုင် ၁

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး) ကဦးစီး၍ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးဆရာအသင်းနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကွမ်းခြံကုန်းကျေးရွာနေ ပြည်သူများအား စစ်စီးတောဘုန်းတော်ကြီးကျောင်း၌ ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းဆေးကုသပေးသည်။

ထိုသို့ကွင်းဆင်းဆေးကုသရာတွင် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး) နာယက ဦးအောင်မြတ်ကျော်၊ တိုင်းဒေသကြီး တာဝန်ခံဆရာကြီး ဦးခင်မောင်ဝင်း (ရွှေမန်းတောင်)၊ တိုင်းဒေသကြီးဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့်၊ ရန်ကုန်တိုင်းရင်းဆေးရုံအုပ် ဒေါ်စိုးစိုးမွန်နှင့် ဝန်ထမ်းများ၊ ရန်ကုန်တောင်ပိုင်းခရိုင် တိုင်းရင်းဆေးပညာဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့်ဆရာ ဆရာမများ၊ တိုင်းရင်းဆေးသမားတော်ကြီးများ ပါဝင်သောအဖွဲ့က ကျေးရွာနေပြည်သူ၂၀၄ ဦးအား သွေးတိုး၊ ဆီးချို၊ ဒူးနာ၊ ခါးနာ၊ အဆစ်ရောင်လေးဖက်နာ၊ အကြောတက်ကိုက်ခဲ၊ လေဖြတ်လေငန်း၊ အာရုံကြောအားနည်း၊ မီးယပ်ရောဂါများကို သောက်ဆေး၊ လိမ်းဆေးပေးခြင်း၊ ဆေးကြပ်ထုပ်ထိုးခြင်း၊ အကြောပြင်ကုသခြင်း၊ ဆေးစည်းပေးခြင်းများပြုလုပ်၍ ကုသမှုပေးခဲ့ကြောင်း သိရသည်။

ကိုဌေး

## မြဝတီမြို့နယ်၌ ဝန်ထမ်းမိသားစုများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

မြဝတီ ဇူလိုင် ၁

ကရင်ပြည်နယ် မြဝတီမြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးမှ အမျိုးသားအဆင့် ကျန်းမာရေး ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး သတ္တမအကြိမ် ထိုးနှံပေးခြင်းကို ဇူလိုင် ၁ ရက် နံနက် ၈ နာရီတွင်



မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်ကျန်းမာရေးဆရာဝန် ဒေါက်တာမျိုးသန့်ဇင်၏ ဦးဆောင်မှုဖြင့် သူနာပြုဆရာမများက အမှတ်(၂) ချစ်ကြည်ရေးတံတားနှင့် ကုန်သွယ်ရေးဇုန်တို့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းမိသားစု ၁၁၄ ဦးတို့အား ကိုဗစ်၁၉-ရောဂါကာကွယ်ဆေးမထိုးနှံမီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဓာတ်မတည့်သည့်ဆေးရှိ/မရှိ စစ်ဆေးမေးမြန်း စာရင်းကောက်ယူပြီး စည်းကမ်းချက်များနှင့်အညီ စနစ်တကျထိုးနှံပေးသည်။

ထိုသို့ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်၊ မြို့နယ်စီမံအဖွဲ့ဝင်-၁ ဗိုလ်မှူးညီညီလွင်၊ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးမှ မြို့နယ်ဦးစီးဌာနမှူး ဦးနိုင်စိုးနှင့် လုပ်ငန်းခွင်ကြီးကြပ်သူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကမ္ဘာတစ်ဝန်း အပူချိန်များမြင့်တက်

လန်ဒန် ဇူလိုင် ၁

ဗြိတိန်နိုင်ငံရှိ ဒေသအများအပြားတွင် အပူချိန်များမြင့်တက်နေသဖြင့် ကျန်းမာရေးသတိပေးချက်များ ထုတ်ပြန်ထားရကြောင်း သိရသည်။

ဇွန် ၃၀ ရက်က ဗြိတိန်ကျန်းမာရေးအေဂျင်စီသည် နိုင်ငံအတွင်းရှိ အပူချိန် ၃၃ ဒီဂရီဆဲဆီးယက်စ်အထိ မြင့်တက်ခဲ့သည့်ဒေသများတွင် အပူချိန်ဆိုင်ရာသတိပေးချက်ထုတ်ပြန်ခဲ့သည်။

နိုင်ငံအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသအချို့တွင် အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်အထိ ဆက်လက်မြင့်တက်နေမည်ဟု မိုးလေဝသရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘာတစ်ဝန်း အပူလှိုင်းများဝင်ရောက်ခြင်းနှင့် နေ့အပူချိန်များမြင့်တက်လာခြင်းသည် ရာသီဥတုပြောင်းလဲမှု၏အကျိုးသက်ရောက်မှုများကြောင့် ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

ယခုနှစ် ဇွန်လသည် စပိန်နိုင်ငံ၏ အပူဆုံး၊ အခြောက်သွေ့ဆုံးနှင့် နွေရာသီလအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း စပိန်နိုင်ငံ သဘာဝပတ်ဝန်းကျင်အေဂျင်စီက ဇွန် ၃၀ ရက်တွင် ပြောကြားသည်။

ယခုဇွန်လအပူချိန်သည် ပျမ်းမျှထက် ၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ ပိုမိုမြင့်တက်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံအရှေ့တောင်ပိုင်း Crnomelj မြို့တွင် အပူချိန် ၃၈ ဒသမ ၄ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့သည်။

ပေါ်တူဂီနိုင်ငံသည် Evora ခရိုင်ရှိ Mora မြို့တွင် ဇွန် ၂၉ ရက်က အမြင့်ဆုံးအပူချိန်အဖြစ် ၄၆ ဒသမ ၆ ဒီဂရီစင်တီဂရိတ်အထိ စံချိန်တင်ခဲ့ပြီး ဇွန်လအတွင်း နိုင်ငံ၏ အမြင့်ဆုံးအပူချိန်အဖြစ် မှတ်တမ်းတင်ခဲ့သည်။

နိုင်ငံအတွင်းရှိ ကုန်းတွင်းပိုင်းဒေသများတွင် အပူချိန်ဆက်လက်မြင့်တက်နိုင်ကြောင်း တာဝန်ရှိသူများက ခန့်မှန်းထားသည်။

နိုင်ငံအတွင်းရှိ လစ္စဘွန်း၊ ဆီတူဗယ်၊ ဆန်တာရန်၊ အီဗိုရာ၊ ဗီဂျာ၊ ကက်စတီလိုဗရန်ကိုနှင့် ပိုတာလီဂရီ စသည့် ခရိုင်ခုနစ်ခုတွင် အနီရောင်သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ပြင်သစ်နိုင်ငံ၏ လေးပုံသုံးပုံတွင် အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်ထက်ကျော်လွန်နေပြီး ဒေသအလိုက် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိလာနိုင်သဖြင့် အပူလှိုင်းအတွက် သတိပေးချက်ကို ထုတ်ပြန်ထားကြောင်း ပြင်သစ်မိုးလေဝသအေဂျင်စီက ပြောကြားခဲ့သည်။

နိုင်ငံအတွင်းရှိ အထက်မြူခာတ်ပေါင်းဖိုများနှင့် ကျောင်းများကို ပိတ်ထားရကာ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၏ အလုပ်လုပ်ချိန်ကိုလည်း လျှော့ချခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အပူချိန်မြင့်မားသည့်အချိန်တွင် ဖြစ်ပွားမည့် ရောဂါများကို သတိပြုနေထိုင်ကြရေးနှင့် သောက်သုံးရေ ရှားပါးမှုနှင့် လူမှုစီးပွားဘဝများကို အကျိုးသက်ရောက်မှုများရှိလာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။




ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ



# ဩစတြေးလျနိုင်ငံအရှေ့ပိုင်း ကမ်းရိုးတန်းတွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်

ဆစ်ဒနီ ဇူလိုင် ၁

ဩစတြေးလျနိုင်ငံအရှေ့ပိုင်း ကမ်းရိုးတန်းတွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်သဖြင့် ဒေသခံများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

ဆစ်ဒနီမြောက်ပိုင်း နယူးဆောက်ဝေးပြည်နယ် ကမ်းရိုးတန်းဒေသရှိ ဒေသခံများအား ရေလှိုင်းများဝင်ရောက်လာမှုကြောင့် အဆောက်အအုံများပျက်စီးနိုင်သဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည်။ ဆစ်ဒနီနှင့် အနီးအနားရှိဒေသများတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပွားခဲ့သည်။

ယနေ့နှင့်မနက်ဖြန်တို့တွင် မိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများ ပြင်းထန်လာနိုင်ကြောင်း နယူးဆောက်ဝေး အရေးပေါ်လုပ်ငန်းဝန်ကြီး ဂျီဟက်ဒိုးက ပြောကြားသည်။ ဒေသခံများအား မလိုအပ်ဘဲ ခရီးသွားခြင်းမပြုရန် တာဝန်ရှိသူများကပြောကြားသည်။ ဆစ်ဒနီနှင့် အလယ်ပိုင်းကမ်းရိုးတန်းဒေသများတွင် သစ်ပင်ကျိုးမှုများဖြစ်ပွားခဲ့သည်။

လက်ရှိအချိန်တွင် ကယ်ဆယ်ရေးလုပ်သား ၁၀၀၀ ခန့်အား လုပ်ငန်းဆောင်ရွက်ရန် တာဝန်ပေးထားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွား

ပေကျင်း ဇူလိုင် ၁

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ် နန်ယန်မြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ဒေသခံနှစ်ဦးသေဆုံးပြီး ခြောက်ဦးပျောက်ဆုံးနေကြောင်း ဒေသခံအရေးပေါ်အခြေအနေ တုံ့ပြန်ရေးဌာနချုပ်က ဇူလိုင် ၁ ရက်တွင် ပြောကြားသည်။

ဒေသအတွင်းရှိ မြို့နယ်နှစ်ခုတွင် မိုးရေချိန် ၂၂၅ ဒသမ ၃ မီလီမီတာအထိ ရွာသွန်းခဲ့ပြီး မြစ်ရေလျှံခဲ့ကာ အခြေခံအဆောက်အအုံများပျက်စီးခဲ့ပြီး ဒေသခံများ အပျက်အစီးများကြားတွင် ပိတ်မိခဲ့သည်။ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဒေသခံနှစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ပျောက်ဆုံးနေသူများကို ထပ်မံရှာဖွေနေကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

■

# နျူကလီးယားအရေး ပြန်လည်ဆွေးနွေးရန် အချိန်ယူဆောင်ရွက်မည်ဟု အီရန်ပြောကြား

တီဟီရန် ဇူလိုင် ၁

အမေရိကန်နှင့် နျူကလီးယားအရေး ပြန်လည်ဆွေးနွေးရန် အီရန်က အချိန်ယူ၍ စဉ်းစားဆုံးဖြတ်မည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး ဆာယိဒ်အဗတ်အေရာချီက ပြောကြားသည်။

ယခု သီတင်းပတ်အတွင်း နျူကလီးယား ဆွေးနွေးပွဲများ စတင်မည်ဟု ထရမ့်က ပြောကြားခဲ့ခြင်းအပေါ် ဆွေးနွေးပွဲပြန်လည်စတင်ရန်မှာ အမေရိကန်က ဆွေးနွေးနေစဉ်အတွင်း တိုက်ခိုက်မှုမဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းကပြောကြားသည်။ သံတမန်နည်းအရ ညှိနှိုင်းဆွေးနွေးရေးလမ်းများ ဖွင့်ထားလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်နှင့် အီရန်အကြား ခြောက်ကြိမ်မြောက် နျူကလီးယားဆွေးနွေးပွဲမကျင်းပမီ ရက်အနည်းငယ်အလိုတွင် အီရန်အား အစ္စရေးက တိုက်ခိုက်ခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# ဂါဇာစီးတီးရှိ အယ်လ်ရှီဖာဆေးရုံတွင် ကျောက်ကပ်ဆေးခြင်းလုပ်ငန်း ရပ်ဆိုင်း

ဂါဇာ ဇူလိုင် ၁

ဂါဇာစီးတီးရှိ အယ်လ်ရှီဖာဆေးရုံတွင် ကျောက်ကပ်ဆေးခြင်းလုပ်ငန်းကို ရပ်ဆိုင်းလိုက်ရခြင်းကြောင့် လူနာများအသက်ကို ခြိမ်းခြောက်နေသည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။

### ကျောက်ကပ်ဆေးခြင်းလုပ်ငန်းကို ဆိုင်းငံ့ထား

အထူးကြပ်မတ်ကုသရေးဝန်ဆောင်မှုများကို ကန့်သတ်ထားကာ လောင်စာဆီပြတ်တောက်မှုကြောင့် အယ်လ်ရှီဖာဆေးရုံရှိ ကျောက်ကပ်ဆေးခြင်းလုပ်ငန်းကို ဆိုင်းငံ့ထားကြောင်း ကျန်းမာရေးအာဏာပိုင်များက မှတ်ချက်ပြုပြောကြားသည်။

လောင်စာဆီပြတ်တောက်နေသဖြင့် လူနာများနှင့် ဒဏ်ရာရရှိသူများသေဆုံးခဲ့ရသည်ဟု အာဏာပိုင်များက ပြောကြားခဲ့သည်။

နိုင်ငံတကာအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအား ဆေးဝါးထောက်ပံ့မှုများနှင့် လိုအပ်သည့်ပစ္စည်းများထောက်ပံ့ခြင်းဖြင့် ကျန်းမာရေးစနစ်ပြိုလဲခြင်းမှ ကာကွယ်ရန် တာဝန်ရှိသူများက ပန်ကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# တူကီယဲတောမီးလောင်မှုမှ ဒေသခံ ၅၀၀၀၀ ကျော်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့

အန်ကာရာ ဇူလိုင် ၁

တူကီယဲနိုင်ငံ အိုင်ဇီမီယာပြည်နယ်တွင် တောမီးလောင်မှုကြောင့် လက်ရှိအချိန်အထိ ဒေသခံ ၅၀၀၀၀ ကျော်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း တူကီယဲနိုင်ငံ သဘာဝဘေးဆိုင်ရာအေဂျင်စီက ဇွန် ၃၀ ရက်တွင် ပြောကြားသည်။

အိုင်ဇီမီယာ၊ ဗီလီဆစ်၊ ဟာတေ၊ ဆာကာရာနှင့် မနေဆာပြည်နယ်များသို့ တောမီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် ဘေးကင်းရေးဇုန်များ တည်ထောင်ကာ ဒေသခံများအား ပြန်လည်နေရာချထားပေးခဲ့ရကြောင်း သဘာဝဘေးနှင့် အရေးပေါ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ပြောကြားသည်။

Akhisar ခရိုင်မှ ၂၉၃၆ ဦး၊ ဟာတေပြည်နယ်မှ ၁၅၀၀၊ ဗီလီဆစ်ဒေသမှ ၆၀၉ ဦးနှင့် ဆာကာရာမှ ၂၃၀ တို့ကို ပြန်လည်နေရာချထားပေးခဲ့ရကြောင်း သိရသည်။

ဒေသခံ ၇၉ ဦးအား မီးခိုး(သို့မဟုတ်)မီးလောင်ကျွမ်းခြင်းမှ ရရှိသည့်ဒဏ်ရာများကို ကုသပေးခဲ့ရသည်။




ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# တရားမဝင်စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော်　ဇူလိုင်　၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ရှောင်လမ်း၌ မြဝတီမြို့မှရန်ကုန်မြို့သို့မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၅၅၁၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၅၅၁၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လိုက်မြို့ မြို့မ(၁)ရပ်ကွက်၌ တရားဝင်သယ်ဆောင်ခွင့် အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀၀) ကို ယစ်မျိုးဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် သင်းခွေချပ်ကြေးခွံ ၂၄ ပိဿာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀၀)ကို ဇီဝမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ တရားမဝင် နံ့သာဖြူတုံး (အစို) ၆၅ ပိဿာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၀၀၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ်သုည ဒသမ ၆၄၄ တန် (ခန့်မှန်းတန်ဖိုးငွေ ၅၆၇၄၂၄ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးမြို့ရှောင်လမ်း၌ သိမ်းဆည်းရမိမှု။

အလားတူမန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့အတွင်း၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၅၆ ပီပါ၊ ဓာတ်ဆီ ခုနစ်ပီပါ (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၄၅၀၇၄၄၃၉ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၃၀ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ်ခြောက်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၃၆ စီးကို သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁ ရက်တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၃၄၂၉၂၈၆၃ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ကန်ကြီးထောင့်မြို့နယ်၌ အခွန်ပညာပေး ရှင်းလင်းပွဲပြုလုပ်

**ကန်ကြီးထောင့်　ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသည့် အခွန်များနှင့်စပ်လျဉ်း၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။



အခမ်းအနားတွင် မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဖြူဖြူမွန်က လက်ရှိကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများနှင့် ပြေစာ၊ ဘောက်ချာပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသောလုပ်ငန်းများအပေါ် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အသေးစိတ်ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်ဖြူဖြူမွန်က ပြန်လည်ဖြေကြားရှင်းလင်းပေးပြီး အခွန်ဦးစီးဌာနမှ ဝန်ထမ်းများက ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**ကျော်ဇင်စိုး (ပြန်/ဆက်)**

### ☆ ကျောဖုံးမှ

မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ကိုးမိနစ်မှာ ဘာနာဒိုဆေးလ်ဗားက တစ်ဂိုး၊ ၅၅ မိနစ်မှာ ဟာလန်းက တစ်ဂိုးနဲ့ အချိန်ပို ၁၀၄ မိနစ်မှာ ဖီးလ်ဖိုဒမ်ကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဆော်ဒီအာရေဗျကလပ် အယ်လ်ဟီလယ်အသင်းအတွက် သွင်းဂိုးတွေကိုတော့ ၄၆ မိနစ်နဲ့ အချိန်ပို ၁၁၂ မိနစ်မှာ မားစ်ကို့လီယိုနာဒိုကနှစ်ဂိုး၊ ၅၂ မိနစ်မှာ မယ်လ်ကွန်ကတစ်ဂိုးနဲ့ အချိန်ပို ၉၄ မိနစ်မှာ ကူလီဘာလီကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဟာလန်းဟာ ယခုပြိုင်ပွဲမှာ မန်စီးတီးအသင်းနဲ့အတူ သုံးဂိုးမြောက် သွင်းဂိုးလည်းဖြစ်ပါတယ်။

မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့တဲ့ အယ်လ်ဟီလယ်အသင်းကတော့ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မှာ ဘရာဇီးကလပ် ဖလူမီးနန့်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အဲဒီပွဲစဉ်မှာ အနိုင်ရတဲ့အသင်းဟာ ဆီမီးဖိုင်နယ်အဆင့်မှာတော့ ချယ်လ်ဆီးအသင်းနဲ့ ပါးလ်မီးယက်စ်အသင်းတို့ပွဲစဉ်မှာ အနိုင်ရရှိခဲ့တဲ့အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

**ငွေကြယ်**

### ❖ ဖူဆယ်မှ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဖူဆယ်လိဂ်-၁ ပြိုင်ပွဲကို ယခင်က အသင်း ၁၀ သင်းဖြင့်သာ ကျင်းပခဲ့သော်လည်း လာမည့်ရာသီမှစတင်ကာ ၁၂ သင်းသို့တိုးမြှင့်ကျင်းပမည်ဖြစ်သောကြောင့် ထပ်တိုးနှစ်သင်းကို ပြီးခဲ့သည့်ရာသီ လိဂ်-၁ ပြိုင်ပွဲ တန်းဆင်းနှစ်သင်းဖြစ်သော ဖူဆယ်ချစ်သူအသင်းနှင့် SGF အသင်း၊ လိဂ်-၂ ပြိုင်ပွဲတွင် အဆင့်(၃)ရခဲ့သည့် Gold Dream အသင်း၊ အဆင့်(၄)ရခဲ့သည့် JZ Yangon အသင်းတို့ လေးသင်းပတ်လည်စနစ်ဖြင့် ခြေစစ်ပွဲယှဉ်ပြိုင်ကစားစေခြင်းဖြစ်သည်။ ပတ်လည်စနစ်ဖြင့် ကစားအပြီး အမှတ်အများဆုံးရရှိသည့် နှစ်သင်းမှာ လိဂ်-၁ ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ပြီးခဲ့သည့်ရာသီလိဂ်-၂ ပြိုင်ပွဲအပြီးတွင် အဆင့်(၁)နေရာရ TG United FC နှင့် အဆင့်(၂)နေရာရ Pacific Sunfar FC အသင်းတို့မှာ လိဂ်-၁ ပြိုင်ပွဲသို့ တိုက်ရိုက်တန်းတက်ခွင့်ရထားပြီးဖြစ်သည်။ **သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-MFF**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၇-၂၀၂၅　ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခေမ္မာသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၁၅ ကြံအထွက်နှုန်းကောင်းစေဖို့ မျိုးကောင်းမျိုးသန့်သုံးကြစို့
- ၁၀:၅၀ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ် ‘ဂုဏ်ယူဖွယ်ရာမြန်မာအမျိုးသမီးများ’
- ၁၁:၁၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၁:၃၅ ရွှေဖယ်စုံလင်အာဆီယံအစီအစဉ်
- ၁၃:၁၅ သီချင်းကြိုးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ ၂၀၂၄ ခုနှစ်မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ် **‘ခေတ်ပြိုင်ဆင်ယင် ယဉ်ကျေးအသွင်၊ တင့်တယ်ခြယ်သမြန်မာ အမျိုးသမီးများအလှ’** ဝတ်စားဆင်ယင်မှု ပြပွဲနှင့်ပဒေသာကပွဲ(တတိယပိုင်း)
- ၁၅:၄၅ ၂၀၂၆ ခုနှစ် အာရှဖလား အမျိုးသမီးဘောလုံး ပြိုင်ပွဲ ခြေစစ်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် ဘင်္ဂလားဒေ့ရှ်လက်ရွေးစင်အသင်း)
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သုတေသနပြင်ဆင်ချက်တေးကဗျာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **‘တော်ဝင်စားပွဲ’** (အပိုင်း-၂၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၃)ရက်နေ့တွင် ကျရောက်သောမြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် **‘ယဉ်ကျေးဝေသာ ငွေမြန်မာ၊ မျိုးဂုဏ်မပျက် ဝတ်ဆင်လျက်’** ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲ (ပထမပိုင်း)

### mitv

- 07:02 Evergreen Classic: Aung Chin Shit Par
- 07:11 Tech Digest
- 07:30 Commercial Farming to GDP Growth, Jasmine Grower
- 07:37 Aye Aye Soe: Myanma Pioneer Female Bodybuilder
- 07:50 Palm Resort
- 08:26 Beasts of Asia (Thailand)
- 08:46 Khema Yama Nunnery School
- 09:01 Ecotourism: Bat Cave and Chatthin Wildlife Sanctuary
- 09:13 Home for the Beautiful Star Tortoises

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက(ချင်း)
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ **‘တောက်ပသော နေ့ရက်များဆီသို့’** (အပိုင်း-၃၃)
- ၀၇:၅၀ ဗဟိုရ်ယိုတေးများ
- ၀၈:၁၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၀၈:၃၅ ဇာတ်တော်ကြီး **‘ဥဂ္ဂသေနဇာတ်တော်ကြီး’** (ပထမပိုင်း)
- ၁၀:၂၀ ကာတွန်း **‘ဗိုးကောင်ကြီးဥယျာဉ်စွန့်စားခန်း’** (အပိုင်း-၁၀)
- ၁၁:၀၀ ဇာတ်တော်ကြီး **‘ဥဂ္ဂသေနဇာတ်တော်ကြီး’** (ဒုတိယပိုင်း)

### MRTV NRC

- **ကယား (၀၆:၀၀ မှ ၀၈:၀၀)** ဗုဒ္ဓတစ်ထောင်အကောက်တောင်
- **ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)** လယ်ဝါးလိုတောင်ပေါ်ရှိရာတီးဝိုင်း
- **အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** စာပေစကားပြောကြရအောင်(အပိုင်း-၆)
- **အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** ကရင်ဒီဇိုင်နာဟိဟိနှင့်တွေ့ဆုံမေးမြန်းခြင်း
- **ချင်း(လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)** ချင်းမလေးချက်သည့်ရခိုင်ငှက်ပျောအူဟင်း
- **ချင်း(ချိုး) (၁၂:၀၀ မှ ၁၃:၀၀)** မင်းတပ်မြို့ရဲ့မိုးရာသီအလှပုံရိပ်များ (အပိုင်း-၂)
- **မွန် (၁၃:၀၀ မှ ၁၅:၀၀)** လုံခြုံနွေးထွေးအရိပ်ပေးမွန်တို့ရိုးရာအိမ်ကလေး
- **ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၇)
- **ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** သံလွင်မြစ်တစ်ဖက်ကမ်းမှ မိုးသားမဲ့ကောင်းကင်
- **ဝ (၁၉:၀၀ မှ ၂၁:၀၀)** ကြက်မောက်သီးနှင့်ကျန်းမာရေး
- **ကချင် (၂၁:၀၀ မှ ၂၃:၀၀)** ငါးပေါင်းချက်စားကြမယ်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၄၅ Sports Max
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၄၅ Festivals Around The World

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **‘ရုရှားနိုင်ငံ’**
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **‘လူမိုက်တို့သွားရာလမ်း’**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **‘စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း’**
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **‘ထိုင်းနိုင်ငံ’**
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၇၇)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ ဝါသီးနံ့အတွက်တိုးစေဖို့သမဝါယမစနစ်ဖြင့် ပုံပိုးကူညီစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Day in the Life of a Small Farm_1
- ၁၉:၀၀ Starting a year Pig Farm Business
- ၂၀:၀၀ သူ့ကိုယ့်မှ(ဇာတ်လမ်း)
- ၂၂:၀၀ A Year-End Medley (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၅၀ Sports Diary
- ၀၇:၄၀ Weekly MNL Review
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ Ronaldo

Scan Here
MRTV　MRTV　MRTV Radio　MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားလေးဦး သက်ဆိုင်ရာ နိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ယူဂန္ဓာနိုင်ငံသားတစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦး၊ ကင်ညာနိုင်ငံသားတစ်ဦး၊ မာဒါဂက်စ်ကာနိုင်ငံသားတစ်ဦး စုစုပေါင်းလေးဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင် လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ယူဂန္ဓာနိုင်ငံသံရုံး၊ နိုင်ဂျီးရီးယားနိုင်ငံသံရုံးနှင့် ကင်ညာနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မာဒါဂက်စ်ကာနိုင်ငံသံရုံးမှ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Ms. Kritiya Jantanamalaka နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၁ ရက် အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၈၀ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၉၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူ ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် ဇူလိုင် ၁


ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇူလိုင် ၆ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည် တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။


**အကြံပြုချက်**


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁-၇-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆ : ၃၀ နာရီချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂-၇-၂၀၂၅ ရက်နေ့မှ ၆-၇-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




# စစ်တောင်းမြစ်ရေနှင့် ပဲခူးမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်ပေ၀က်ကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ပဲခူးမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇူလိုင် ၁

ယနေ့ မြန်မာစံတော်ချိန် ၀၂ နာရီ ၁၃ မိနစ် ၁၂ စက္ကန့်တွင် နမ့်စန်ငလျင်စခန်းမှ အရှေ့မြောက်ဘက် ၃၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (လင်းခေးမြို့၏ မြောက်-အနောက်မြောက်ဘက် ၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၄၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၉၈ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၁ အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

# ပြင်ဦးလွင်မြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ပြင်ဦးလွင် ဇူလိုင် ၁



မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့တွင် ခရိုင်/မြို့နယ် ဌာနဆိုင်ရာများနှင့် မြို့မိ၊ မြို့ဖများ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ (ခရိုင်အုပ်ချုပ်ရေးမှူး) ဦးရဲထူးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ခိုင်က မြို့သန့်ရှင်းသာယာလှပရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို Power Point ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးခြင်း၊ ခရိုင်ဆည်မြောင်း (ရေအသုံးချ) ဦးစီးဌာနမှ ဦးမျိုးသန့်ကိုယ်စား AE ဦးရဲထက်အောင်က မြို့နယ်လုံးဆိုင်ရာ ရေရရှိရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေအား Power Point ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြသည် ။

ဆက်လက်၍ တက်ရောက်လာသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ (ခရိုင်အုပ်ချုပ်ရေးမှူး) ဦးရဲထူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုနှင့် တာဝန်ရှိသူများ စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံအား စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရွှေစေတီဘာသန္တရသင်တန်းကျောင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မဟာစေတီလှစေတီတော်အား အသစ်တစ်ဖန် ပြန်လည်တည်ထားကိုးကွယ်မည့် မြေနေရာအား ပြင်ဆင်ဆောင်ရွက်နေမှု၊ စစ်ကိုင်းမြို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စေတီပုထိုးများ၊ စာသင်တိုက်များ၊ သာသနာ့နွယ်ဝင်သီလရှင်စာသင်တိုက်များရှိ အပျက်အစီးများနှင့် နေအိမ်အဆောက်အအုံများရှိ အပျက်အစီးများကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုနှင့် စစ်ကိုင်းမြို့ရှိသံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား တပ်မတော် နည်းလှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေကြသူများအား အားဖြည့်အချိုရည်များ ပေးအပ်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မေဃဂီရိရပ်ကွက်၊ ပုလဲငွေရောင်ရပ်ကွက်နှင့် မဟာအောင်မြေမြို့နယ် ရတနာဘုံမိရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိ အဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဟင်္သာတမြို့နယ်၌ တာတမံများ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု သရုပ်ပြဇာတ်တိုက်လေ့ကျင့်

ဟင်္သာတ ဇူလိုင် ၁

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတမြို့နယ် ဖောင်ဆိပ် ကျေးရွာ ဧရာဝတီ-ဟင်္သာတ တာ၌ ယမန်နေ့မွန်းလွဲပိုင်းက ဟင်္သာတခရိုင် မီးသတ်ဦးစီးမှူး ဦးဟိန်းသူဟန် ဦးဆောင်၍ ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား ၁၁၆ ဦး၊ စက်လှေလေးစင်းဖြင့် တပ်ခွဲအဆင့် ရေပြင်အသက်ကယ် ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများ၊ ဟင်္သာတခရိုင်နှင့် မြို့နယ်အဆင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းများ၊ ကျေးရွာနေပြည်သူများက ကြည့်ရှုအားပေးခဲ့ကြပြီး မီးသတ်တပ်ဖွဲ့နှင့် ဇာတ်တိုက်လေ့ကျင့်မှုတွင်ပါဝင်သော သက်ဆိုင်ရာဌာနများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# စဉ့်ကိုင်မြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

စဉ့်ကိုင် ဇူလိုင် ၁

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့က အမက(ထန်းသုံးပင်)၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်နှင့် အဖွဲ့ဝင်တို့က မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ပြည်သူများအား ပျိုးပင်များပေးအပ်သည်။

ထို့နောက်တက်ရောက်လာသော ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များက သက်တမ်းနှစ်နှစ်၊ အမြင့်နှစ်ပေရှိသော ကျွန်းပင် ၁၅၀ ကို စုပေါင်းစိုက်ပျိုးသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကလေးမြို့၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အကြိုအခမ်းအနား ကျင်းပ

ကလေး ဇူလိုင် ၁

ကလေးမြို့တွင် ကလေးခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာခိုင်၊ ကလေး၊ ကလေးဝမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆေးကုသစရိတ်ပေးအပ်ခြင်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ကလေးခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကလေးမြို့ ခုတင် (၃၀၀) အထွေထွေရောဂါကုဆေးရုံကြီးတွင် အာဟာရဒါနကြက်သားဆန်ပြုတ်ကျွေးမွေးခြင်း၊ မွေးကင်းစကလေးငယ်နှင့် မိခင်များ၊ ကင်ဆာရောဂါဖြင့် ဆေးကုသမှုခံယူနေသောလူနာများကို ဆေးကုသစရိတ်ငွေ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အောင်မင်္ဂလာ သီလရှင်စာသင်တိုက်ရှိ စာသင်၊ စာချ သီလရှင်များအတွက် ဆွမ်းဆန်၊ ဝတ္ထုငွေနှင့် စာရေးကိရိယာများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကလေးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတွင် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အကြိုအဖြစ် ကလေးခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် တက္ကသိုလ်အဆင့်၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများကို ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ကလေးခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက အချိုရည်ဘူးနှင့်မုန့်များ ဝေငှခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ဥတုရာသီ တောကိုမှီ၏

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁-၇-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမှ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၁၆၂။ | ဦးသန်းထွန်းဦးမိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၁၀၁၆၃။ | ကွယ်လွန်သူဦးအေးကိုအားရည်စူး၍ ဇနီးဒေါ်ဥမ္မာမြင့် (သား)မောင်ခိုင်စိုးဟိန်း၊(သမီး) မရတနာမိသားစုကောင်းမှု | ၁၅၀၀၀၀၀ |
| ၁၀၁၆၄။ | ကွယ်လွန်သူဦးတူးနှင့် မိခင်ဒေါ်သန်းချစ်တို့အား ရည်စူး၍ ကျန်ရစ်သူ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၁၆၅။ | ဦးသက်ကိုကိုမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၁၆၆။ | ကိုတူးကိုကိုနှင့်ဇနီး မဆုမွန်ဖြိုးဝေမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၁၆၇။ | ဦးတင်ရွှေနှင့်ဇနီး ဒေါ်မြင့်ကြည်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၁၆၈။ | ဦးသုတနှင့်ဇနီး ဒေါ်ဆန်းဆန်းလွင်၊ (သမီး)မသုန္ဒရီသုတမိသားစုကောင်းမှု | ၁၇၀၀၀၀ |
| ၁၀၁၆၉။ | ဦးမျိုးဝင်းနှင့်ဇနီး ဒေါ်တင်တင်ပြုံး၊ (သား)မောင်သန့်စင်ဝင်း၊ (သမီး)မအိရွှေစင်အောင် မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၁၀၁၇၀။ | ဦးဇော်မင်းသန့်နှင့်ဇနီး ဒေါ်သန်းသန်းယဉ်၊ (သမီး)မဆုပြည့်မင်းသန့်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၁၇၁။ | မနှင်းနှင်းဝေမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၁၇၂။ | မယဉ်ယဉ်အေးမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၁၇၃။ | မရွှေခင်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၁၇၄။ | မဝင်းသန္တာမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၁၇၅။ | ဦးထွန်းမင်းလတ်နှင့်ဇနီး ဒေါ်ခိုင်နှင်းဖြူ (သမီး)မအိန္ဒြာထွန်းမင်း၊ မနှင်းလွင်ထွန်းမင်း မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၁၇၆။ | ဒေါ်နိုင်နိုင်ရွှေမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၁၇၇။ | ဦးမျိုးဝင်းနှင့်ဇနီး ဒေါ်လှလှအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၇၈။ | ဦးမြင့်လွင်နှင့်ဇနီး ဒေါ်နီလာလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၇၉။ | ကိုဇော်ဇော်ထွန်းနှင့်ဇနီး မနီနီအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၈၀။ | ဦးအောင်နိုင်နှင့်ဇနီး ဒေါ်အေးအေးသင်းမိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၈၁။ | ကိုရိုန်းပြည့်ထွန်းနှင့်ဇနီး မရွှေစင်အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၈၂။ | ဦးသန်းထွန်းနှင့်ဇနီး ဒေါ်မြင့်မြင့်နွယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | နဝကမှ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၁၈၃။ | ကွယ်လွန်သူဦးကျော်ချစ်အားရည်စူး၍ ဒေါ်ခင်သူဇာ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၈၄။ | ကိုသက်နိုင်နှင့်ဇနီး မနှင်းဝတ်ရည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၈၅။ | ဒေါ်သန်းသန်းအိမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၈၆။ | ဦးနေဝင်းနှင့်ဇနီး ဒေါ်နီလာဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၈၇။ | ဦးထွန်းလွင်နှင့်ဇနီး ဒေါ်လှနုဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၈၈။ | ဦးစန်းကိုနှင့်ဇနီး ဒေါ်ခင်ခင်ပွားမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၈၉။ | ဦးမြင့်အောင်နှင့်ဇနီး ဒေါ်သန်းအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၉၀။ | ဦးအောင်မိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၉၁။ | ဒေါ်ခင်စန်းရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၉၂။ | ဦးစိုးနိုင်ဦးနှင့်ဇနီး ဒေါ်အေးအေးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၉၃။ | ဦးဘိုလေး(၆၂)နှစ်ပြည့်မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၉၄။ | ကိုထွန်းဝေနှင့်ဇနီး မဟေမာဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၉၅။ | ဦးကျော်သန်းစိန်နှင့်ဇနီး ဒေါ်သန်းသန်းဝေ၊ (သမီး)မဝင့်သိင်္ဂီကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၉၆။ | ဦးသန်းလွင်ဦးမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၁၀၁၉၇။ | ကွယ်လွန်သူတပ်ကြပ်ကြီးထွန်းထွန်းဝင်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၅၀၀၀ |
| ၁၀၁၉၈။ | ဒေါ်စမ်းစမ်းစိမ်းမိသားစုကောင်းမှု | ၅၅၀၀၀ |
| ၁၀၁၉၉။ | ဦးဇင်မောင်မောင်နှင့်ဇနီး ဒေါ်ဆုသစ္စာဟန်၊ (သား)မောင်မြတ်မောင်ဟန်၊(သမီး)မပန်းမြတ်သစ္စာမောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၀၀။ | ဦးသိန်းလင်းနှင့်ဇနီး ဒေါ်မေသကြိန်စိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၀၁။ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးအုန်းနိုင်နှင့်ဇနီး ဒေါ်လှမျိုးကြွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၀၂။ | ဦးထိန်ဝင်းစိုးနှင့်ဇနီး ဒေါ်သင်းသိမ့်သိမ့်သင်း၊ (သမီး) မဆုရွှေရည်ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၀၃။ | ဦးဇော်မင်းနိုင်နှင့်ဇနီး ဒေါ်ခင်လေးနိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၀၄။ | ဦးသန်းဦးနှင့်ဇနီး ဒေါ်အေးမြိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၀၅။ | ကွယ်လွန်သူဒေါ်ဝင်းကြည်နှင့် မောင်သန်းဌေးတို့အား ရည်စူး၍ ဦးခင်ထွေးမိသားစုကောင်းမှု | ၅၀၀၀၀ |

| စဉ် | နဝကမှ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၂၀၆။ | ကွယ်လွန်သူ ဘိုးဘွား၊ မိဘနှင့် သမီး ဒေါ်ဝင်းဝင်းတင် တို့အားရည်စူး၍ ဒုတိယဗိုလ်မှူးကြီးတင်အောင်နိုင်(ငြိမ်း) နှင့်ဇနီး ဒေါ်သန်းမြင့်မိသားစုကောင်းမှု | ၅၁၁၁၁ |
| ၁၀၂၀၇။ | ရဲမှူးဦးကျော်သိန်းနိုင်နှင့်ဇနီး ဒေါ်အေးမိမိခင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၀၈။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်စန်းစန်းမော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၀၉။ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဒေါ်အေးအေးစိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၁၀။ | ကွယ်လွန်သူဦးစိန်လွင်အားရည်စူး၍ ကျန်ရစ်သူ ဒေါ်သန်းသန်းအေး၊ (သား)မောင်ဟန်သာဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၁၁။ | ကွယ်လွန်သူဦးတင်သောင်းအားရည်စူး၍ ဒေါ်မြရီ နှင့် သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၁၂။ | ဦးရဲနိုင်နှင့်ဇနီး ဒေါ်ခင်သောင်းကြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၁၃။ | ဦးဇော်ထက်နိုင်နှင့်ဇနီး ဒေါ်မြင့်မြင့်ခင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၁၄။ | ဦးဝင်းကြည်နှင့်ဇနီး ဒေါ်တင်တင်ဝင်းမိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၁၅။ | ဦးကျော်စိုးနှင့်ဇနီး ဒေါ်အေးမြင့်ကြည်မိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၁၆။ | မဖြူအေးမွှေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၁၇။ | ဦးတင်ဦးနှင့်ဇနီး ဒေါ်တင်မြင့်၊ (သမီး)မခင်ခင်မျိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၁၈။ | ဦးသာရွှေနှင့်ဇနီး ဒေါ်မြတ်ညွန့်၊ သား၊ သမီး၊ မြေးတစ်စု ကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၁၉။ | ဦးဝင်းနိုင်နှင့်ဇနီး ဒေါ်ဌေးဌေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၂၀။ | ဦးမင်းမင်းနှင့်ဇနီး ဒေါ်ရွှန်းလဲ့ချိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၂၁။ | ဦးဌေးဝင်းနှင့်ဇနီး ဒေါ်လေးလေးဝါးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၂၂။ | ဦးမောင်မောင်နှင့်ဇနီး ဒေါ်နှင်းဟေမာဇော်မိသားစု ကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**


**ပတ်စ်ပို့ပျောက်**

(ဘ) ဦးကျော်စိုးမိုး၏ သား ဦးဇော်ဇော်ထွန်း [၁၂/သခန (နိုင်) ၀၈၀၆၇၃]၏ နိုင်ငံကူးလက်မှတ်နံပါတ် (MF-145635)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၉၄၄၅၀၆၈

**အမည်ပြောင်း**

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မော့ကနင်ကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်း Grade(5)မှ အဖ ဦးမိုးအောင် [၁၀/လမန (နိုင်) ၀၀၂၂၁၃]၏သား မောင်မင်းအောင် ပြည့်စုံအား မောင်အောင်ပြည့်စုံဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်အောင်ပြည့်စုံ

**မိခင်အမည်မှန်**

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အ.ထ.က(၂) Grade(9)မှ မခိုင်ယဉ်မွန်၏ မိခင်အမည်မှန်မှာ ဒေါ်သန်းထွေးဝင်း [၁၀/ရမန (နိုင်) ၁၆၆၈၁၁]ဖြစ်ပါကြောင်း။

ဒေါ်သန်းထွေးဝင်း

**မိခင်အမည်မှန်**

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အ.လ.က(၃)၊ Grade(7)မှ မရီချိုင်း၏ မိခင်အမည်မှန်မှာ ဒေါ်ဟန်သာ [၁၀/ရမန (နိုင်) ၁၆၁၂၉၉]ဖြစ်ပါကြောင်း။

ဒေါ်ဟန်သာ

**ပတ်စ်ပို့ပျောက်**

(ဘ) ဦးအောင်သန်း၏သား ကျွန်တော် ဦးမင်းလွင်[၇/သနပ(နိုင်)၁၀၁၈၀၇] ၏ ပတ်စ်ပို့နံပါတ် (MB-746089) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၂၅၇၆၂၀၂

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်း ဒေသကြီး၊ ထန်းတပင်မြို့နယ်၊ လှည်းဆိပ်ကျေးရွာ၊ အ.ထ.က(လှည်းဆိပ်) ကျောင်းမှ Grade-12(A) ကျောင်းသူ မဖြူဖြူအောင် ၏ ဖခင်အမည်မှန်မှာ ဦးဇော်မိုးဟန် ဖြစ်ပါသည်။

ဦးဇော်မိုးဟန်

**ပြင်ဆင်ဖတ်ရှုပါရန်**

(၂၅-၆-၂၀၂၅) ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ ကြော်ငြာ(၂၁) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်ကြောင်း မြေပုံကူးတွင် ဒေါ်သန်းနု [၁၂/ဥကတ(နိုင်)၁၆၁၉၇၅] အစား ဒေါ်သန်းနု [၁၂/ဥကတ(နိုင်) ၀၆၁၉၇၅]ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

### (၇၆)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၅ ခုနှစ် ဇူလိုင် လ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

**အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု**

က - ၆၃၀၆၂၅ (ကံထူးရှင်(၁)ဦး)

**အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု**

ဃ - ၅၇၁၉၂၄ (ကံထူးရှင်(၁)ဦး)

**အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု**

ခ - ၅၈၆၇၈၃ (ကံထူးရှင်(၁)ဦး)

**ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ**

ဆ - ၁၀၅၃၅၄
ဂ - ၆၅၉၀၈၇

ကံထူးရှင်(၂)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ**

ဆ - ၁၀၀၄၅၉ ဃ - ၅၉၇၂၅၁
က - ၅၄၉၆၀၆ က - ၉၇၆၇၀၄

ကံထူးရှင်(၄)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ**

ခ - ၁၈၇၈၇၆ ဇ - ၄၅၆၂၄၃ စ - ၇၃၉၃၈၁
ဇ - ၂၁၁၂၁၅ င - ၄၉၃၄၀၆ ဆ - ၉၃၄၇၂၉
ခ - ၄၅၄၇၄၈ ဈ - ၅၆၈၀၉၈ ဇ - ၉၆၅၃၂၁

ကံထူးရှင်(၉)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ**

ဇ - ၃၁၁၉၇၄ ဇ - ၇၁၁၈၅၄
ဃ - ၄၁၀၈၉၆ ခ - ၈၈၃၀၉၂
ဃ - ၄၉၉၃၉၃ ဃ - ၉၁၁၀၂၈
ဈ - ၅၁၅၇၂၂ ဆ - ၉၁၅၄၈၅
ဇ - ၅၇၇၀၂၂ ဃ - ၉၄၄၀၂၅
ဈ - ၅၉၂၃၀၄ ဂ - ၉၇၀၅၆၀
ဆ - ၆၈၇၀၆၈

ကံထူးရှင်(၁၃)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ**

ဇ - ၁၀၆၂၈၉ ခ - ၂၅၄၆၀၂ ခ - ၇၂၉၉၂၁
ဇ - ၁၁၃၀၃၅ က - ၂၆၃၃၂၂ ဆ - ၈၂၅၉၅၈
ခ - ၁၆၂၄၇၈ ခ - ၂၈၈၀၅၃ ဆ - ၈၄၁၁၉၀
ဈ - ၂၀၆၅၁၉ ဆ - ၄၄၅၆၈၃ င - ၈၄၄၈၄၃
ဇ - ၂၃၇၄၀၂ က - ၄၅၈၅၅၀ စ - ၈၈၅၉၈၉
ဃ - ၂၄၁၄၅၂ ဈ - ၄၆၅၁၁၇

ကံထူးရှင်(၁၇)ဦး

**ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ**

ဈ - ၁၃၉၅၆၈ ခ - ၅၈၅၁၆၄
ခ - ၁၆၇၄၇၈ ဃ - ၆၃၇၅၇၀
ဃ - ၂၀၂၅၉၉ ဆ - ၆၈၄၃၆၃
က - ၄၂၆၂၉၅ က - ၇၄၄၃၄၃
င - ၄၄၂၇၇၈ ဂ - ၈၉၃၂၂၁
ဃ - ၅၃၇၈၇၁ ဇ - ၉၂၃၉၉၅
ဆ - ၅၆၆၈၀၀ ဆ - ၉၂၈၆၈၃
က - ၅၇၅၉၉၂ ဃ - ၉၈၇၇၁၂
စ - ၅၈၄၉၇၇

ကံထူးရှင်(၁၇)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်**

ဂ - ၃၃၁၃၄
က - ၇၆၉၅၂
င - ၉၃၇၅၆

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၈)ယူနစ်**

ခ - ၂၀၂၃ က - ၄၇၇၇
ဂ - ၂၁၂၅ ဆ - ၆၂၈၇
ဂ - ၃၃၁၀ င - ၇၈၆၃
ဇ - ၄၃၇၄ ဈ - ၈၂၄၉

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၈၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၃)ယူနစ်**

ဈ - ၁၃၇ ဇ - ၂၁၀ င - ၉၇၀

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၃၀၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၅)ယူနစ်**

ဆ - ၁၃ ခ - ၁၇ င - ၂၅ ဂ - ၆၂ စ - ၉၉

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၅၀၀၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်**

စ - ၁

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၉၉၉၉၈)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

**ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ**

ဈ - ၃၄၉၁၉၅ ဈ - ၇၇၀၃၄၆
ခ - ၅၁၃၁၆၅ ဇ - ၈၀၂၂၉၉

ကံထူးရှင်(၄)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်**

ဈ - ၃၆၅၂၁ ဂ - ၆၄၉၈၀

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်**

ဂ - ၅၀၀၂ ဈ - ၇၇၀၆

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်**

ဈ - ၆၁၃ ဃ - ၆၁၉

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၂၀၀၀)ဦး

၁။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် ကျင်းပသည့် (၇၆)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ ( ၁၅၆၁၁၇ ) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် ( ၁၅၆၁၁၇ ) ဦး ဖြစ်ပါသည်။

၂။ ၂၀၂၅ ခုနှစ်၊ ဩဂုတ် လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၇၇)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၉)လုံး ဖြစ်ပါသည်။

၃။ (၇၆)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂-၇-၂၀၂၅) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၄-၇-၂၀၂၅) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာ ဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၀၊ မြေကွက်အမှတ်-၁၂၅၅(ခ)၊ အကျယ်အဝန်း (၂၀ ပေx ၆၀ ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၇၀-ရပ်ကွက်၊ မဏိစည်သူလမ်း၊ အမှတ်-၁၂၅၅(ခ)ဟုခေါ်တွင်သည့် အဆောက်အဦဟောင်းတစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ **ဦးသာရင်[၁၂/သဃက(နိုင်)၁၃၈၂၂၄]၊ (N/OKA-၀၁၃၃၀၅)**ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဝင်းဦး (LL.B., LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၂၇)**
**အခန်း(၄၀၅)၊ တိုက်(စီ)၊ ၄-လွှာ၊ ရွှေမိုးကောင်းကွန်ဒို၊ မိုးကောင်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၉၆၅၁၇၈၀၁၈၊ ၀၉-၂၅၀၀၆၀၃၁၃**

## အယူခံမှုကိုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကိုအယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၄ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၃၂၃

ဦးတင်ထွန်း နှင့်
၁။ ဦးလှမြင့်(ကိုယ်တိုင်နှင့် အမှတ်၂၊၃၊၄ တို့၏အခွင့်ရကိုယ်စားလှယ်)
၂။ ဦးမူဆာဟာရှင်ဒူပလီ
၃။ ဦးခင်မောင်ဒွေး
၄။ ဦးကြည်လေး (ဂေါပကအဖွဲ့၊ မုလ္လာအီဗရာဟင်ထရပ်စ်)
၅။ ဒေါ်မြမြဝင်း
၆။ ဒေါ်နန်းမွေး
၇။ ဒေါ်အနီတာဒါတ်(စ်)ဂုပ်တား(ခ) အေဒါတ်စ်ဂုပ်တား
၈။ ဒေါ်ဘေဘီဒါတ်(စ်)ဂုပ်တား (ခ) ဘီဒါတ်စ်ဂုပ်တား
(၇၊ ၈ တရားပြိုင်တို့သည် ကွယ်လွန်သူ ဦးအက်စ်ကေဒါတ်စ်ဂုပ်တား၏ တရားဝင်ကိုယ်စားလှယ်များ)
၉။ ဒေါ်ခင်မေသန်း
၁၀။ ဦးသိန်းထွန်း
၁၁။ ဦးတင်ရွှေ
၁၂။ ဦးမောင်မောင်ဝင်း (၅၊ ၆၊ ၁၀၊ ၁၁၊ ၁၂ အယူခံတရားပြိုင်များ၏ အခွင့်ရကိုယ်စားလှယ် ဦးမောင်မောင်တင်)

**(အယူခံတရားလို)** **(အယူခံတရားပြိုင်များ)**

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်စွဲပါ ကျောက်တံတားခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၅/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အခန်း(၂)၊ မြေညီထပ်(ယာ)၊ အမှတ်(၂၀၉၊၂၁၁၊၂၁၃) နေ အယူခံတရားပြိုင် ၇။ ဒေါ်အနီတာဒါတ်(စ်)ဂုပ်တား(ခ)အေဒါတ်(စ်)ဂုပ်တား၊ ၈။ဒေါ်ဘေဘီဒါတ်(စ်)ဂုပ်တား(ခ)ဘီဒါတ်စ်ဂုပ်တား (၇၊ ၈ တရားပြိုင်တို့သည် ကွယ်လွန်သူ ဦးကေဒါတ်စ်ဂုပ်တား၏ တရားဝင်ကိုယ်စားလှယ်များ) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

အယူခံတရားပြိုင် (၁၂) ဦးမောင်မောင်ဝင်းကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ခိုင်အား တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခွင့်ပြုပါရန် လျှောက်ထားမှုအပေါ် သဘောထားတင်ပြရန်နှင့်ပတ်သက်၍ သိစေရမည်။

ယခုအမှုတွင် ကျောက်တံတားခရိုင်တရားရုံးတော်မှ ချမှတ်သည့် ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ( ၂၃ ) ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆုတ် ၁၄ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ တရားဝင်ကိုယ်စားလှယ်ကိစ္စ သဘောထားတင်ပြရန် လာရောက်ရမည်။ မလာရောက်ခဲ့လျှင် ၎င်းတရားဝင်ကိုယ်စားလှယ်ကိစ္စကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ (၂၄)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဗိုလ်ကြာညွှန့်လမ်း၊ တိုက်အမှတ်(၁၆၁)ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ ဒုတိယထပ်၊ (၃)လွှာ(ခြေရင်းခြမ်း)တိုက်ခန်းမှာ မြေရှင်နှင့် ကန်ထရိုက်တာတို့ အကျိုးတူပူးပေါင်းဆောက်လုပ်ရာမှ ကန်ထရိုက်တာဖြစ်သူ ဦးကျော်ကျော်သိန်း [၁၂/မဂတ(နိုင်)၁၁၄၃၅၁]မှ မိမိရရှိခံစားပိုင်ခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်းနှင့် အဆိုပါတိုက်ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပေါင်အနှံ၊ အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ကြည်မွန် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၅၂)**
**အမှတ်(၆၀)၊ စရည်းပင်လမ်း၊ (က)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-09-43114141, 09-400101414**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၆-လမ်း၊ အမှတ်(၄၄)၊ ၃-လွှာ(တိုက်ခန်းအားမျက်နှာမူလျှင်ဝဲဘက်)တိုက်ခန်းအား ပိုင်ဆိုင်လက်ဝယ်ထား အကျိုးခံစားလျက်ရှိသူ ဦးညဏ်လင်း [၁၂/ပဘတ(နိုင်)၀၁၅၂၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းပစ္စည်းအပေါ် တစ်စုံတစ်ရာ ပိုင်ရေးဆိုင်ခွင့် အရေးဆိုအငြင်းပွားလိုသူရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှိုင်ဖြိုးသီ (LL.B, D.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၈၄၉)**
**အမှတ်-(၅၃/၁၇၆)၊ ဦးဘိုသင်းလမ်းနှင့် ဗိုလ်ကြာညွှန့်လမ်းထောင့်၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၁၇၂၆၉၇၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်(၈၃၀/က)(၂၀ x ၆၀)ပေရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင် လက်ဝယ်ထား အကျိုးခံစားလျက်ရှိသူ ဒေါ်အိအိချော[၁၃/ကမန(နိုင်)၀၀၀၂၅၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းပစ္စည်းအပေါ် တစ်စုံတစ်ရာပိုင်ရေးဆိုင်ခွင့် အရေးဆိုအငြင်းပွားလိုသူရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှိုင်ဖြိုးသီ (LL.B, D.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၄၉)**
**အမှတ်-(၅၃/၁၇၆)၊ ဦးဘိုသင်းလမ်းနှင့် ဗိုလ်ကြာညွှန့်လမ်းထောင့်၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၁၇၂၆၉၇၃**

## "ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂) ရပ်ကွက်၊ သူကြွယ်လမ်း၊ အမှတ်(၉၂၇/ခ)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)ပါမစ်မူရင်း အိမ်ခြံမြေနှင့်ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာချက်"

အထက်ဖော်ပြပါလိပ်စာရှိ အိမ်ခြံမြေသည် ပါမစ်မူရင်းအမည်ပေါက် ဦးသန်းဦး(TGK-054793) အမည်ဖြင့်တည်ရှိပြီး ဒေါ်နှင်းယုမွန် [၅/ပလန(နိုင်)၀၅၆၈၇၁]မှ ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြူဖြူသက် [၁၀/မဒန(နိုင်)၂၁၄၃၄၈]မှ (၃၀-၆-၂၀၂၅)ရက်စွဲဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း (မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူသက်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၂၄၂၄၈၂၂**

## "ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၅)လမ်း၊ အမှတ်(၃၆)၊ အကျယ်အဝန်း(၁၂½ပေx ၅၀ပေ)ရှိ မြေညီထပ်(ခြေရင်းခန်း)တိုက်ခန်းတစ်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ"

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းသည် ဦးသက်လွင်ဦး [၁၄/ဘကလ(နိုင်)၁၄၂၇၄၃]နှင့် ဒေါ်သင်းသင်းမြတ်(ခ)ဒေါ်သင်းသင်းဆွေ [၁၄/ဘကလ(နိုင်)၁၄၆၉၅၇]တို့မှ ဆက်စပ်စာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင် အကျိုးခံစား ရောင်းချပိုင်ခွင့်ရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ(၁-၇-၂၀၂၅) ရက်စွဲဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၅၂၄၂၄၈၂၂**




## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ နင်းကြမ်းကျေးရွာ၊ နတ်စင်(၁)လမ်း၊ မြေကွက်အမှတ်(၂၆)၊ အလျား(၂၀)×အနံ(၆၀)ပေ အကျယ်အဝန်း(၁၂၀၀)စတုရန်းပေရှိ ရွာမြေအမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်စုထက်နွယ် (၁၂/ဆကခ(နိုင်)၁၀၂၀၈၂)မှပိုင်ဆိုင်ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါအောင်(၁၂/လမန(နိုင်)၁၄၇၃၈၆၅) မှ စရံငွေပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ် စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှိုင်ယဉ်မွန်(LL.B)**
အထက်တန်းရှေ့နေ (စဉ်-၄၀၆၄၈)
အမှတ်-(၄၃၀)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း-၀၉ ၂၆၀၅၅၀၂၇၀

## ပတ်စ်ပို့ပျောက်

ရန်ကုန်မြို့နေ (ဘ) ဦးတင်မောင်ဝင်း၏ သား ဦးပြည်စိုးဝင်း [၉/မရတ(နိုင်)၁၂၉၄၁၇]၏ ပတ်စ်ပို့ (နံပါတ်မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-782333955**

## အများသိစေရန် ကြော်ငြာခြင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၁၊ မြေကွက်အမှတ်-၁၂၃၃၊ ဧရိယာ(၀.၀၅၅)ဧကာ၊ မြေကွက်တည်နေရာအမှတ်(၁၂၃၃)၊ (၁၅၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးခင်မောင်မြင့် [၁၂/တမန(နိုင်) ၀၁၉၉၇၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်မြင့် [၁၂/တမန(နိုင်)၀၁၉၉၇၈]မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်နှင့် အဆိုပါမြေကွက်၏ ဂရန်မူရင်းမှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း၊ အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လွှဲပြောင်းထားခြင်း မရှိကြောင်းနှင့် ပြဿနာပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ်-၉၆၅/၂၀၂၄(၁၉-၆-၂၀၂၄)တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် သတင်းစာကြော်ငြာပြီး ကန့်ကွက်သူမရှိပါသဖြင့် ဂရန်မိတ္တူလျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါ၍ မြို့မြေစာရင်းတွင် အမှုတွဲအမှတ်-ဒဂဆက/ဂရသ-၃၅၀၀/၂၈-၅-၂၀၂၃အရ (၇-၇-၂၀၁၄)ရက်နေ့တွင် ထုတ်ပေးခဲ့သော နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းအား ရုံးတွင် အမိန့်ဖြင့် ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဏ/၁၄-ရပ်ကွက်၊ မြေတိုင်း (၄၀)၊ ပန်းခြံ (၁၃)၊ အောင်မေတ္တာလမ်း၊ မြေကွက်အမှတ် (၃၉၇/ခ) (ပေ ၂၀ x ပေ ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးဗန်ဗျက်ထန် [၅/ကထလ(နိုင်)၁၂၅၂၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးစိုးသူ [၇/သဝတ(နိုင်)၀၉၆၉၄၂]နှင့် ဒေါ်ငြိမ်းချမ်းကျော်သူ [၁၂/ရပသ(နိုင်)၀၇၁၃၆၅] တို့မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသောကြောင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်လင်းထွေး (LL.B) အထက်တန်းရှေ့နေ(စဉ် - ၃၈၂၃၈)**
**ရုံး - ရွှေပြည်သာတရားရုံးရှေ့၊ ရှေ့နေများနားနေခန်း၊ ရွှေပြည်သာမြို့နယ်။ ဖုန်း - ၀၉-၄၂၀၁၀၇၅၈၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

